၂။ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတု ပစ္စယာ, ဤ ပဋ္ဌိစ္စ ပစ္စနိုက် ဝိဓိပါဠိ၏ အနုဝါဒကို ထုတ်ပြ၍ ဟိတ်ပါ၌ အရကိုလည်း အကျဉ်းမျှ ကောက်ပြပါ။

၃။ ပဋ္ဌိစ္စ ပစ္စနိုက် ဒုကာဒိ သချ်ဝါရ နဟေတုမူ နာရမ္မဏာ ဒုကဉ် အနုလောမပစ္စနိုက် တရားများကို ထုတ်၍ သချ်ဝမျှ တပ်ပြပါ။

၄။ ရဟန္တာ ပုဂ္ဂိုလ်သည် (က) ပဟီန ကိလေသာ ကို ဆင်ခြင်သည့်အခါ၊ (ခ)မဂ်ကို ဆင်ခြင်သည့် အခါတို့၌ အာရမ္မဏ၊ အာဃရမ္မဏာဓိပတိ နှစ်မျိုးတွင် ရသင့်ရာကို ခွဲခြားညွှန်ပြ၍ အနန္တရပစ္စည်း သဘာဂမျှားကိုလည်း သဘာဂဝါရ လာသမျှ စုံလင်စွာ ထုတ်ဆောင်ပြပါ။

၅။ အမိကို သတ်ပြီး ထိုအပြစ်ပျောက်ရန် ဥပုသ်စောင့်ရှာ၌ အမိသတ် ကံက ဥပုသ်စောင့်မှုအား မည်သည့် ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။

ဟေတုဃဋ္ဌနာ၌ (က) သာမည။ (ခ) သဂ္ဂါဒိယ မဂ္ဂ။ (ဂ) သာဓိပတိ ဂ္ဂါဒိယ မဂ္ဂ ဃဋ္ဌနာတို့၏ အရေ အတွက် ဃဋ္ဌနာသင်္ချာမျှကို ပြဆိုပါ။

၁၃၂၁ - ခု၊ အစိုးရ ပထမကြီးတန်း ပဋ္ဌာန်း အဖြေများ

ပထမအချိန်

.....O.....

၁။ လောဘမူစိတ် (ဂ)ခုသည် အလေးအမြတ် ပြုတတ်သောအခါ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန်ဖြစ်၍ အလေး အမြတ်မပြုတတ်သောအခါ အာရမ္မဏာဓိပတိ၏ ပစ္စနိက် ဖြစ်ပါသည်။

စကၠူဝိညာဏ်ဒွေ အား (က) အာရမ္မဏ သတ္တိဖြင့် ပစ္စုပ္ပန် ရှုပါရုံ။ (ခ) အနန္တရ သတ္တိဖြင့် ပဋ္ဌာဒ္ဓါရာ ဝင္ဇန်း။ (ဂ) ဝိပ္ပယုတ္တသတ္တိ မဇ္ဈိမာယုက,ဖြစ်၍ အတီတ ဘဝင်နှင့် ဥပါဒ်ပြိုင်သော စကၠုဝတ္ထု ပစ္စည်းတရားများ ဖြစ်ပါသည်။

၂။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာသေဝန ပစ္စယာ,၌ သမာပဇ္ဇန ဝိထိဆိုင်ရာ ဟိတ်ပါဌ် အရကား နောက်နောက်သော မဟာဂုတ်ကြိယာဇော ကိုးခုအားတပ်သော ရှေးရှေးသော ဇော၁တ္ထု မဟာဂုတ်ကြိယာ (၉)၃ ပစ္စည်းတရားတို့၏ အာသေဝန သတ္တိရ၏။

အမေတယာ နဝ၌ ဒုကပဒ ၂-ချက်မှာ

(၁) ကုသလာဗျာကတေန အဗျာကတံ။
(၂) အကုသလာဗျာကတေန အပျာကတံ ဖြစ်ပါသည်။

ပဋ္ဌိစ္စအနုလုံ အာရမ္မဏဝိဘက်ဝါရ၌ မရဘဲ ပစ္စယ အနုလုံ အာရမ္မဏ ဝိဘက်ဝါရ၌သာ ရသည့် ပဒ၊ ပဒါဝသာနမှာ (၁) အဗျာကတေန ကုသလံ။ (၂) အဗျာကတေန အကုသလံ။ (၃) ကုသလာဗျာကတေန ကုသလံ။ (၄) အကုသလာဗျာကတေန အကုသလံ။

၃။ ပဋ္ဌိစ္စအနုလုံ ဝိဘက်ဝါရ၌ ကုသလပဒ၊ အဗျာကတ ပဒါဝသာန ရထိုက်သော (၅)ပစ္စည်းမှာ

၁ - ဟေတု။ ၂ - အဓိပတိ။ ၃ - သဟ ဇာတ။ ၄ - နိဿယ။ ၅ - ကမ္မ ဖြစ်ပါသည်။

ဝတ္ထုံ၊ နိဿာယ ကုသလာ ခန္ဓာ, ဟူသော အနုဝါဒ သဘောသွားမှာ ဆဝါရတို့တွင် နိဿယဝါရ၊ အဗျာကတ ပဒ၊ ကုသလာ ပဒါဝသာန ဖြစ်ပါသည်။

၄။ (က) သည် အဗျာကတပစ္စည်း။ အဗျာကတ ပစ္စယုပ္ပန်။
(ခ) သည် အကုသိုလ်ပစ္စည်း၊ ကုသိုလ် ပစ္စယုပ္ပန်။
(ဂ) သည် အဗျာကတ ပစ္စည်း ကုသိုလ် ပစ္စယုပ္ပန်။

အကုသိုလ်က အဗျာကတအား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ အာရမ္မဏာဓိပတိ သဟဇာတာ ဓိပတိ ၂-မျိုးတို့တွင် သဟဇာတာ ဓိပတိ တမျိုးသာ ရုပါသည်။

၅။ ကမ္မ ပစ္စယေန, ဟူသော ကရိုဏ်းပါဠိ၏ အ ရ ကာ ။ သမ္မယုတ္တခန္ဓာအား တပ်သော ကုသိုလ်စိတ် ဧကဝီသ စေ အင္ဒတိ သ စိတ္တက္ခဏတခုတခု၌ ရှိသော စေတနာ ပစ္စည်း ဖြစ်အံ့ ကမ္မ၊ သဟ၊ အညမည၊ နိဿယ၊ အာဟာရ၊ သမ္မယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (ဂ)ပါးတို့ တွင် ကမ္မ သတ္တိ (လ) ၏။

နာနာက္ခဏိက ကမ္မကို

(၁) ကုသလပဒ၊ အဗျာကတ ပဒါဝသာန။
(၂) အကုသလပဒ၊ အ ဗျာ က တ ပဒါဝသာန တို့၌ ရအပ်ပါသည်။

ဒုတိယအခါန် အဖြေများ

၁။ ဝိမံသာဝိပတိ ပစ္စည်းတရားက သမ္မယုတ္တာခန္ဓာ သာဝိပတိ စတ္တာဇရူပ ပစ္စယုပ္ပန်တရားအား အဓိပတိ၊ ဟေတု၊ သဟဇာ၊ အညမညာ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဈာ၊ ဝိပ္ပ၊ အတ္ထိ အဝိဂတ ဤ (၁၂)ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။ (တပြိုင် ယထာရဟ) ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ဟူသော ကတ္တားပါဌ်ဖြင့် လောကိကုသိုလ် သတ္တရသ အဆုံး ဇော၊ မဂ်လေးခု ပစ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟူသော သမ္မဒါန်ပါဌ်ဖြင့် သန္တီရဏ(၃)ခု၊ မဟာဝိပါက်စိတ် (၈)ခု၊ မဟဂ္ဂုတ်ဝိပါက် (၉)ခု၊ ဖိုလ်လေးခု၊ စေ အဌတိ သ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

•

အနန္တရ ပစ္စယေန ဟူသော ကရိုဏ်းပါဌ်ဖြင့် တပြိုင်နက် တပ်သော အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ (၅)ပစ္စယ သတ္တိတို့တွင် အနန္တရသတ္တိ (လ) ၏။

ယထာရဟ,ဖြစ်အံ့ ကမ္မထည့်၍ (၆)ပစ္စည်း။

၂။ အကုသလံ ဓမ္မံ ပဋ္ဌိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတုပစ္စယာ၏ အနုဝါဒကား ဝိစိကိစ္ဆာ သဟဂတေ

ဥဒ္ဒစ္ စ သဟဂတေ ခန္ဓေ ပဋ္ဌိစ္၊ ဝိစိကိစ္ဆာ သဟဂတော ဥဒ္ဒစ္ စ သဟဂတော မောဟော။

နဟေတုပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ၏အရကား ဟေတုပစ္စည်းကိုထား၍ တပါးသော ပစ္စည်းတို့၏ ယထာရဟ သတ္တိရ၏။

၃။ သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေကမ္မဇရုပ် ဤတရားတို့သည် နာရမ္မဏပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာ ဖြစ်၍ နဟေတုပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မ မဖြစ်သောကြောင့် နဟေတုပစ္စည်း တွန်း၍ စင်ကုန်၏။ ထိုကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိက်ဌ် ဟေတုပစ္စယာ နာရမ္မဏော ပဠုဟု သချ၍တပ်၍ ဟောအပ်ကုန်၏။

၄။ ရဟန္တာ ပုဂ္ဂိုလ်သည် (က) ပဟီန ကိလေသာကို ဆင်ခြင်သောအခါ အာရမ္မဏ။ (ခ) မဂ်ကို ဆင်ခြင်သောအခါ အာရမ္မဏာဓိပတိ သတ္တိရပါသည်။

အနန္တရပစ္စည်း၏ သဘာဝကား သမနန္တရ ဥပနိဿယ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ပစ္စည်းများ ဖြစ်ပါသည်။

၅။ အမိကို သတ်ပြီး ထိုအပြစ်ပျောက်ရန် ဥပုသ်စောင့်ရာ၌ အမိသတ်ကံက ဥပုသ်စောင့်မှုအား ပကတူပနိဿယသတ္တိ ဖြင့် ကျေးဇူးပြုပါသည်။

(က) သာမည ဃဋ္ဌနာ ၉ - ချက်။ (ခ) သဠာယတနမဂ္ဂ ဃဋ္ဌနာ ၉ - ချက်။ (ဂ) သာဓိပတိ ဣန္ဒြိယ မဂ္ဂ ဃဋ္ဌနာ ၆ - ချက် ဖြစ်ပါသည်။

၁၃၂၂ ခု- အစိုးရ စာမေးပွဲ ပထမကြိုးတန်း

ပဋ္ဌာန်း မေးခွန်းများ ပထမအချိန်

.....o.....

၁။ နိရောပသမာပတ်မှ ထသည့်အခါ ဦးစွာ ဖြစ်သော အရဟတ္တဖိုလ်၏ ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းတရားကို (သုံးချက်စုအဆိုအရ) တိကျစွာ ညွှန်ပြ၍ အာသေဝန ပစ္စည်း၏ ကျေးဇူးပြုကို မခံရ (ပစ္စယုပ္ပန္န မမ္မမဖြစ်) သော တရားများ၏ သရုပ်ကို ဖေါ်ထုတ်ကာ၊ အရူပိနော မမ္မာ ရူပိနံ မမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော, ဤ၌ ကတ္တားအရ သဟဇာတ် ကုသိုလ် နာမကွန္ဓာကို ယူလျှင် သမ္ပဒါန်အရ ဘာကို ယူရမည်နည်း။

၂။ မဟာဘူတဟူသော သဟဇာတပစ္စည်းတရားက မဟာဘူတ်အချင်းချင်း ကျေးဇူးပြုရာ ရထိုက်သော ပစ္စည်းတရားများကို ထုတ်ပြ၍၊ ပုရိမာ ပုရိမာ အဗျာကတာ မမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ မမ္မာနံ ဥပ နိဿယ ပစ္စယေန ပစ္စယော,၌ အနန္တရူပဆိုင်ရာ စွည်း, ပွန် မျှကို ကောက်ပြပါ။

၃။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ၊ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ, ဤ၌ အဗျာကတံအရ (က) သဟိတ် စိတ္တဇ မဟာဘုတ် (ခ) သဟိတ်ပဋ္ဌိ သန္နေ ကမ္မဇ မဟာဘုတ်ကိုယူလျှင် အဗျာကတောအရ ယူထိုက်သော တရားများကို အသီးအသီး ကောက်ပြပါ။

၄။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ ပစ္စယာ, ဤ၌ ဟိတ်ပါဋ္ဌအရကို (သမာပဇ္ဇနဝိထိ) ဆိုင်ရာမျှ ကောက်ပြ၍ နိဿယေ နဝ,ဟူသော (ပဋ္ဌိစ္စ အနုလုံသုဒ္ဓ) သမ္ပ၎ဝါရ၌ နဝ, အရတွင် ပါဝင်သော ဒုက ပဒါဝသာန (၂) ချက်ကို သက်ဆိုင်ရာ ပဒနှင့် တွဲဖက် ဖော်ပြပါ။

၅။ အဗျာကတော ဓမ္မော အဗျာကတသ ဓမ္မဿ အညမည ပစ္စယေန ပစ္စယော, ဤပါဋ္ဌအရ ပဋ္ဌိသန္နေ အခါ၌ သက်ဆိုင်ရာ ဓမ္မတို့၏ အချင်းချင်း အပြန်အလှန် စွဲကိုး,ပွန် ဖြစ်ကြပုံကို (ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ) စသော အနုဝါဒနှင့်အညီ ပြည့်စုံစွာ ရှင်းပြပါ။

ဒုတိယ အချိန် မေးခွန်းများ (၁၃၂၂) ခု

၁။ ကုသလံ ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ, ဤပါဋ္ဌကို အနက်ပေး၍ ကုသလံ ဧကံ ခန္ဓဥ္စ ဝတ္ထုံစ နိဿာယ တယောခန္ဓာ,ဟူသော အနုဝါဒ အသွားကို စဉ်းစားကာ ၎င်းသည် ဆဝါရတွင် မည်သည့် ဝါရပဒ၊ ပဒါဝသာန ဖြစ်သည်ကို ညွှန်ပြပါ။

၂။ အဗျာကတံ ဓမ္မံ သံသဋ္ဌေါ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ, ဤ၌ (ပဋ္ဌိစ္စ ဝါရကဲ့သို့) ပဝတ္တိ၊ ပဋ္ဌိသန္ဓေ ရူပ်သက်သက် သုံးချက်တွင် မရသင့်သော အချက်ရှိပါက အကြောင်းနှင့်တကွ ဖေါ်ပြ၍၊ ၎င်း သံသဋ္ဌဝါရ ပစ္စနိက် နဟေတု ဝိဘင်္ဂဝါရ၌ ဟေ၊အပ်သော တရားများကိုလည်း ထုတ်ပြပါ။

၃။ အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော, ဤ၌ အဗျာကတအရ နိဗ္ဗာန်ကို ယူ၍ ကုသလဿအရ ယူသင့်သော (မဂ္ဂဝိထိ) ဆိုင်ရာ ကုသိုလ်မျှကို ထုတ်ပြကာ အရဟာ စကွေ့ အနိစ္စတော ဝိပဿတိ၌ ရထိုက်သော ပစ္စည်း,ပွန် တရားများကိုလည်း ထုတ်ပြပါ။

၄။ အဗျာကတက ကုသိုလ်အား အဓိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ၌ အာဓိ သဟာဓိ ရသင့်ရာကို ညွှန်ပြ၍၊ ရဟန္တာ၏ ပစ္စဝေက္ခဏာဇော ဟူသော ပစ္စယုပွန်အား အာရမ္မဏာ ဓိပတိ သတ္တိဖြင့် ကျေးဇူး ပြုတတ်သော အဗျာကတ တရားများကိုလည်း ထုတ်ပြပါ။

၅။ (က) ဒါနံ ဒတ္ဝာ တံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ၊

(ခ) ဂေါတြဘု မဂ္ဂဿ ဥပနိဿယ ပစ္စယေန ပစ္စယော။

(ဂ) သဒ္ဒံ ဥပနိဿာယ ဒါနံ ဒေတိ, ဤသုံးချက်ကို အာရမ္မဏူ အနုဇ္ဇရှု ပကတူ ဟူသော ဥပနိဿယ (၃) ချက်ဖြင့် တွဲဖက်၍ အနုဇ္ဇရ သဘာဝ ပစ္စည်း သရုပ်နှင့် အနုဇ္ဇရ သမနုဇ္ဇရ ဥပနိဿယ ကမ္မ နတ္ထိ ဝိဂတဒီ ကေ ဟူသော ဃဋ္ဌနာ အချက်ဆိုင်ရာ စွဲ, ပွန် မျှားကို လည်း ထုတ်ပြပါ။

၁၃၂၂ - ခု ပထမကြီးတန်း ပဋ္ဌာန်းကုသလတိုက်

ပထမအခ်ိန် မေးခွန်း အဖြေမျှား

၁။ နိရောဓ သမာပတ်မှ ထသောအခါ အရဟတ္တဖိုလ်အား တပ်သော ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းမှာ အရဟတ္တဖိုလ်၏ ရှေးစိတ္တက္ခဏ တချက်ခန့်ကာလ ဖြစ်သော ဟဒယ ဝတ္ထု ဖြစ်ပါသည်။

အာသေဝန ပစ္စည်း၏ ကျေးဇူးပြု မခံရသော (ပစ္စယုပ္ပန္နဓမ္မ) မဖြစ်သော တရားများမှာ ကာမဇော တခု ယုတ်-၃၀-၏ ပထမဇော၊ အာဝဇ္ဇန်းဒွေ ဝိပါက်ဆတ္တိ ံသ၊ စေ၊ ဒွေပဉ္စာသ စိတ္တဇရုပ် (၆) ပဝတ္တိ ကမ္မဇရုပ် တရား များ ဖြစ်ပါသည်။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တာ ပစ္စယေန ပစ္စယောဒ်ဋ္ဌိ ကတ္တားပါဒ်အရ သဟဇာတ် ကုသိုလ် နာမက္ခန္ဓာကို ယူသော် သမ္ပယုတ်ပါဒ်အရ ကုသိုလ် ပြုအပ်သော စိတ္တဇရူပ်ကို ယူရပါသည်။

၂။ မဟာဘုတ် ဟူသော ပစ္စည်း တရားက မဟာဘုတ် အချင်းချင်း ကျေးဇူးပြုရာ၌ သဟဇာတ အညမညနိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းများ ရပါသည်။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယောဒ်၌ အနန္တရူပဖြစ်အံ့ ပစ္စည်းမှာ ဝုဋ္ဌိ မနောဒ္ဓါရုဝဇ္ဇန်း၊ ပစ္စယုပ္ပန်မှာ မဟာကုသိုလ် ပထမဇော,များ ဖြစ်ပါသည်။

၃။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ၊ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ,ဒ်၌ အဗျာကတံအရ (က) သဟိတ် စိတ္တဇ မဟာဘုတ်ကို ယူခဲ့သော် အဗျာကတော ,အရ ဘုတ်နှင့် တကွသော သဟိတ် စိတ္တဇ ဥပါဒါရုပ် ပစ္စယုပ္ပန် တရား ရပါသည်။

(ခ) သဟိတ် ပဋ္ဌိသန္ဓေ ကမ္မဇ မဟာဘုတ်ကို ယူခဲ့သော် အဗျာကတောအရ ဘုတ်နှင့်တကွသော သဟိတ် ပဋ္ဌိသန္ဓေ ကမ္မဇ ဥပါဒါရုပ် ပစ္စယုပ္ပန်တရား ရပါသည်။

၄။ ကုသလံ၏မမ်ိုး ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အနန္တရ ပစ္စယာ ၌ (သမာပဇ္ဇန ဝိထိ)၌ ဖြစ်အံ့ အနန္တရ ပစ္စယာ,ဟူသော ဟိတ်ပါဋ္ဌအရကား နောက်နောက်သော မဟာဂ္ဂုတ်ကုသိုလ် ကိုးခုအား တပ်သော ရှေးရှေးသော ဇောတူ မဟာဂ္ဂုတ် ကုသိုလ် ကိုးခုပစ္စည်းတရားတို့၏ အနန္တရ သတ္တိရ၏။

ပဋ္ဌိစ္စအနုလုံ သုဒ္ဓသခ္ဒ ဝါရ နိဿယေ နဝ, ၌ ဒုက ပဒါဝသာန ၂- ချက်၏ဆိုင်ရာ ပဒနှင့် တွဲစပ်ပုံ။

(၁) ကုသလေန ကုသလာ ဗျာကတံ။

(၂) အကုသလေန အကုသလာ ဗျာကတံ, ဖြစ်ပါသည်။

၅။ အဗျာကတော အဗျာကတသင်္ခ ပဋ္ဌိသန္ဓေအခါ သက်ဆိုင်ရာပစ္စည်း, ပွန်အချင်းချင်း အပြန်အလှန် ဖြစ်ပုံ

ပဋ္ဌိသန္ဓေအခါ ခန္ဓာ ၄ - ပါး ဟဒယ ဝတ္ထုတို့တွင် ဝေဒနက္ခန္ဓာ ပစ္စည်းဖြစ်အံ့ သညာ သင်္ခါရ ဝိညာဏက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်၊ သညာစသည် ထိုအတူ ဖြစ်ပါသည်။

ပဋ္ဌိသန္ဓေ ခန္ဓာ ၄ - ပါး ပစ္စည်းဖြစ်အံ့ ဟဒယ ဝတ္ထု ပစ္စယုပ္ပန်ဖြစ်၏၊ ဟဒယဝတ္ထု ပစ္စည်းဖြစ်အံ့ ပဋ္ဌိသန္ဓေ ခန္ဓာ ၄ - ပါး ပစ္စယုပ္ပန် ဖြစ်ပါသည်။

ဒုတိယအခါန် ပဋ္ဌာန်း အဖြေများ

၁။ ကုသလံ၊ သော၊။ ဓမ္မံ၊ ကို။ပစ္စယာ နိဿယတ္ထေန ပစ္စယံ ကတ္ဝာ၊ မိုရာဟူသောအနက်ဖြင့် အကြောင်းပြု၍။ ကုသလော၊ သော။ ဓမ္မော၊ သည်။ ဟေတု ပစ္စယာ၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။

ကုသလံ ကော် ခန္ဓာ ဝတ္ထုစ နိဿာယ တယောခန္ဓာ, ဟူသော အနုဝါဒ သည် ဆဝါရတို့တွင်....

ဝါရအားဖြင့် နိဿယဝါရ

ပဒအားဖြင့် ကုသလာဗျာကတပဒ၊

ပဒါဝသာနအားဖြင့် ကုသလပဒါဝသာနဖြစ်ပါသည်။

၂။ အဗျာကတံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ, ဤ၌ ပဋ္ဌိစ္စဝါရကဲ့သို့ ပဝတ္တိ ပဋ္ဌိသန္ဓေ ရုပ်သက်သက် သုံးမျိုးတို့တွင် ရုပ်သက်သက် မရပါ၊ သံသဋ္ဌဝါရ ၌ သမ္ပယုတ္တ ဓမ္မဖြစ်သော နာမကွန္ဓာ လေးပါးကိုသာ ဟောရာ ဖြစ်သောကြောင့် မရပါ။

သံသဋ္ဌဝါရ ပစ္စနိုက် နဟေတု ဝိဘင်္ဂ ဝါရ၌ ဟောအပ်သော တရားများကား မောဟမူဒ္ဓေ၌ မောဟ အဟိတ် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး၊ စိတ္တဇရုပ် (ပ) ပဝတ္တိကမ္မဇရုပ်များ ဖြစ်ပါသည်။

၃။ အဗျာကတော ဓမ္မော ကုသလသ ဓမ္မသ အာရမ္မဏ ပစ္စယေန ပစ္စယော,၌ အဗျာကတအရ နိဗ္ဗာန်ကိုယူသော် ကုသလသ အရ(မဂ္ဂဝိထိဆိုင်ရာ)ဂေါတြဘု ဝေါဒါန်ကိစ္စ တပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ် လေးခု၊ မဂ် လေးခု ရပါသည်။

အရဟာ စက္ခုံ အနိစ္စတော ဝိပဿတိ ၌ စက္ခုံအရ စက္ခုပ္ပသာဒရုပ် ပစ္စည်းတရား ရပါသည်။

ဝိပဿတိ အရ မဟာကြိယာ ဉာဏသမ္ပယုတ် လေးခု ပစ္စယုပ္ပန်တရား ရပါသည်။

၄။ အဗျာကတ က ကုသိုလ်အား အဓိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ အာဓိ၊ သဟာဓိ နှစ်မျိုးတို့တွင် အာဓိ ကိုသာ ရပါသည်။

ရဟန္တာ၏ ပစ္စဝေက္ခဏာ ဇောဟူသော ပစ္စယုပ္ပန်အား ဗိုလ် လေးခု နှင့် နိဗ္ဗာန် အဗျာကတ ပစ္စည်းတရား မျှားက အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၅။ (က) ၌ အာရမ္မ ဏူပနိဿယ၊
(ခ) ၌ အနန္တ ရူပနိဿယ ပကတူပနိဿယ၊
(ဂ) ၌ အာရမ္မဏူပ နိဿယ ပကတူပနိဿယ၊

အနန္တရပစ္စည်း၏ သဘာဝကား သမနန္တရ ဥပနိဿယ အာသေဝန ကမ္မ နတ္ထိ ဝိဂတ ဖြစ်ပါသည်။

အနန္တရ (၄) ဝိဂတန္တိ ကော့ဟူသော ဃဋ္ဋနာဆိုင်ရာ ပစ္စည်း ပစ္စယုပ္ပန်မှာ မဂ္ဂါနန္တရ ဖိုလ် လေးခုအား တပ်မဂ် လေးခု၌ ရှိသော စေတနာဖြစ်ပါသည်။

၁၃၂၃ - ခု အစိုးရ ပထမကြီးတန်း ပဋ္ဌာန်း ပုစ္ဆာများ

ပထမ အချိန်

.....o.....

၁။ ကာလဝိမုတ်ဖြစ်သော အာရုံမ္မဏာဓိပတိ တရားနှင့် ၎င်း၏ဆိုင်ရာ အာရမ္မဏာဓိပတိ ပစ္စယုပ္ပန် တရားများကို ပြည့်စုံစွာ ထုတ်ပြ၍ အာရမ္မဏာ ဓိပတိ ပစ္စနိုက်တွင် အမြဲတန်း ပါဝင်သော စိတ်များကိုလည်း ထုတ်ပြပါ။

၂။ ကုသလာ ကုလလ် ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော, ဤသမ္ပယုတ်အရ မဂ္ဂါနန္တရ ဖိုလ် လေးခု ကို ယူလျှင် ကတ္တားနှင့် ကရိုဏ်းအရ ယူသင့်သော တရားများကို ညွှန်ပြပါ။

၃။ နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏ (ပ) ခြောက်ပါး အပြားရှိ၏။ ၎င်းပေယျာလကို ဖေါ်၍ (က) သိယာ ကုသလ ဓမ္မံ ပဋ္ဌစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတု ပစ္စယာ, (ခ)သိယာ(ပ) နဟေတုပစ္စယာ၊ (ဂ)သိယာ(ပ)ဟေတုပစ္စယာ နအာဝရမ္မဏ ပစ္စယာ၊ (ဃ)သိယာ(ပ) နဟေတုပစ္စယာ အာဝရမ္မဏ ပစ္စယာ, ဤလေးချက်ကို ပစ္စည်းအနုလုံ ပစ္စည်း ပစ္စနိုက် ပစ္စည်းအနုလောမ ပစ္စနိုက်၊ ပစ္စည်း ပစ္စနိယာနုလောမ လေးချက်နှင့် သက်ဆိုင်ရာ တွဲ၍ဖက်ပြပါ။

၄။ (က) ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ။

(ခ) ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ, ဤ၌ အဗျာကတော မဓမ္မော, တို့၏ အရကို (ကွဲပြားရုံမျှ) အကျဉ်းကောက်ပြပါ။

၅။ ပဋ္ဌိစ္စအနုလုံ အာဝရမ္မဏ သုဒ္ဓသခ္ခ်ာဝါရ ၌ အာဝရမ္မဏော တိဏိ ဟု သခ္ခ်ာတပ်၍ ဟောအပ်သော တရားများနှင့် ၎င်းပစ္စနိုက်၌ နာဝရမ္မဏော ပဉ္စ,ဟု သခ္ခ်ာတပ်၍ ဟောအပ်သော တရားများကို ထုတ်ပြပါ။

၆။ ဆ ဝါရတို့တွင် ပဋ္ဌိစ္စ ပစ္စယ သံသဋ္ဌဝါရ တို့နှင့် တူသော ဝါရတို့ကို ညွှန်ပြ၍ ကုသလံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ,ဟု ဟောသင့် မဟောသင့် အကြောင်းဖြင့် ရှင်းပြပါ။

၇။ ကုသိုလ်ဟိတ်၏ ဟေတုသတ္တိဖြင့် ကျေးဇူးပြု ခံရသော (ရုပ်)တရားများကို ထုတ်ပြ၍ ကုသိုလ်ဟိတ်က အဗျာကတအား (ဟေတု သတ္တိဖြင့်) ကျေးဇူးပြုနိုင်သလို အဗျာကတ ဟိတ်က ကုသိုလ်အား ကျေးဇူးပြုနိုင်သလော (ပဋ္ဌာဝါရ သဘောသွားကို) စဉ်းစားဖြေဆိုပါ။

၈။ ဒါနံ ဒတ္တာ တံ ပစ္စဝေက္ခတိ၊ ဤအနုဝါဒပါဠိ၌ (က) ဒါနံ၊ (ခ) ဒတ္တာ တံ၊ (ဂ) ပစ္စဝေက္ခတိ တို့၏ အရယူသင့်ရာတို့ကို ညွှန်ပြ၍ ဤပါဠိအရ စွဲညီး၊ ပွန်ဖြစ်ထိုက်သော ကုသိုလ်များကိုလည်း ခွဲခြားပြပါ။

၉။ (က)သီလံ သမာဓိ ယိတ္တာ တံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ (ခ) အနုလောမံ ဂေါတြဘုဿ ဥပနိဿယ ပစ္စယေန ပစ္စယော၊ (ဂ) သဒ္ဓံ ဥပနိဿာယ မဂ္ဂံ ဥပ္ပါဒေတိ၊ ဤ (၃)ချက်ကို အာရမ္မဏူ အနုဇ္ဇရှု ပကတူ ဟူသော ဥပနိဿယ (၃) ချက်ဖြင့် သက်ဆိုင်ရာ တွဲဖက်ပြ၍ အနုဇ္ဇရ သဘာဝ ပစ္စည်းသရုပ်ကိုလည်း ထုတ်ပြပါ။

၁၀။ ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော ဤ၌ ကတ္တားအရ (က) သဟဇာတ် ကုသိုလ်

စေတနာ၊ (ခ) နာနာကွဏိက ကုသိုလ် စေတနာတို့ကို အသီးအသီး ယူကာ ဆိုင်ရာ အဗျာကတ ပစ္စယုပ္ပန် သရုပ်ကို ထုတ်ပြ၍ ကမ္မ နှစ်မျိုး၏ ကာလကိုလည်း ညွှန်ပြပါ။

၁၃၂၃ - ခု၊ ပထမကြီးတန်း ပဋ္ဌာန်း အဖြေများ

၁။ ကာလဝိမုတ်ဖြစ်သော အာရမ္မဏာဝိပတိ ပစ္စည်းတရား မှာ နိဗ္ဗာန်ဖြစ်ပါသည်။ ၎င်း အာဝိ ပွန်တရားမှာ မဟာ ကုသိုလ် ဉာဏသမ္ပယုတ် - ၄၊ ဉာဏသမ္ပယုတ် မဟာ ကြိယာ - ၄၊ လောကုတ္တရာစိတ် ၈ - ခု ဖြစ်ပါသည်။

ဒေါသမူ ဒွေ၊ မောဟမူ ဒွေ၊ လောဘဝိပါက် ဗာတ္တိံသ၊ အဟ်တ်ကြိယာ ၃ - ခု၊ မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ် လေးခု၊ မဟဂ္ဂုတ်ကြိဟာ ကိုးခုတို့သည် အာဝိ၏ အမြဲ တန်း ပစ္စနိက်ဖြစ်သော တရားများ ဖြစ်ပါသည်။

၂။ ကုသလာ ကုသလံ ကမ္မံ (ပ) ပစ္စယော သမ္ပဒါန်အရ မဂ္ဂါနန္တရ ဖိုလ်လေးခုကိုယူသော် ကတ္တားပါ၌အရ မဂ်လေးခု၌ရှိသော စေတနာ ပစ္စည်းတရား ရပါသည်။

ကရိုဏ်းပါ၌အရ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ပစ္စည်းများ ရပါသည်။

၃။ နိဒ္ဒေသဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပုစ္ဆာဝါရကို ဟောတော်မူ၏။ ထို ပုစ္ဆာဝါရ၌တုံသော်လည်း ဓမ္မ အနုလုံ၊ ဓမ္မ ပစ္စနိက်၊ ဓမ္မ အနုလောမ ပစ္စနိက်၊ ဓမ္မ ပစ္စနိယာ နုလောမအားဖြင့် လေးပါး အပြားရှိ၏။ ထိုတွင် ဓမ္မအနုလုံကို ရှေးဦးစွာ... ၊ ထိုဓမ္မအနုလုံ၌တုံသော်လည်း တိကပဋ္ဌာန်း၊ ဒုကပဋ္ဌာန်း၊ ဒုကတိကပဋ္ဌာန်း၊ တိက ဒုကပဋ္ဌာန်း၊ တိက တိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်းအားဖြင့် ခြောက်ပါး အပြားရှိ၏။

(က) သည် ပစ္စည်းအနုလုံ။ (ခ) သည် ပစ္စည်းပစ္စနိက်။ (ဂ) သည် ပစ္စည်း အနုလောမ ပစ္စနိက်။ (ဃ) သည် ပစ္စည်း ပစ္စနိယာနုလောမ ဖြစ်ပါသည်။

၄။ (က) ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ၌ အဗျာကတောအရ ပဋ္ဌဝေါကာရဘုံ၌ ကုသိုလ်ကို စွဲ၍ဖြစ်သော စိတ္တဇရူပ် ရပါသည်။

(ခ) ကုသလဉ္စ အဗျာကဟဉ္စ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ,၌ အဗျာကတော အရ ပဋ္ဌဝေါကာရဘုံ၌ ကုသိုလ် နာမကွန္ဓာနှင့် မဟာဘုတ်ကို စွဲ၍ဖြစ်သော စိတ္တဇရူပ် ရပါသည်။ဤသို့ ထူးခြားကွဲပြားပါသည်။

၅။ စိတ် တ ခု ယုတ် ကိုးဆယ် စေ ဒွေပညာသ ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါးတို့ကို ပဋ္ဌိစ္စအနုလုံ သုဒ္ဓ

သချင်္ဘဝါရဋ္ဌ အာရမ္မဏော တိဏိ, ဟု သချင်္ဘတပ်၍ ဟောပါသည်။

ပစ္စနိက်ဋ္ဌ စိတ္တဇရုပ် (၁) ပဝတ္တိကမ္မဇ ရုပ်တရားများ ကို နာရမ္မဏောပဋ္ဌ ဟု သချင်္ဘတပ်၍ ဟောပါသည်။

၆။ ဆဝါရတို့တွင် ပဋိစ္စဝါရနှင့် သဟဇာတဝါရ။ ပစ္စယ ဝါရနှင့် နိဿယဝါရ။ သံသဋ္ဌဝါရနှင့် သမ္မယုတ္တဝါရ တို့ကြပါသည်။

သံသဋ္ဌဝါရဋ္ဌ သမ္မယုတ္တပစ္စည်း ဖြစ်ကောင်းသော (၀ါ) သမ္မယောဂ လက္ခဏာရှိသော တရားများကိုသာ ဟောရာ ဖြစ်သောကြောင့် ကုသလံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ, ဟု မဟောသင့်ပါ။

၇။ ကုသိုလ်ဟိတ်၏ ဟေတုသတ္တိဖြင့် ကျေးဇူးပြု ခံရသော ရုပ်ကား သဟိတ် စိတ္တဇရုပ် ဖြစ်ပါသည်။

ကုသိုလ်ဟိတ်က အဗျာကတအား ဟေတုသတ္တိဖြင့် ကျေးဇူးပြုသလို အဗျာကတဟိတ်က ကုသိုလ်အား ဟေတု သတ္တိဖြင့် ကျေးဇူးမပြုနိုင်ပါ။ အကြောင်းမှာ အဗျာ ကတဟိတ်(ဝိပါက်ကြိယာ)နှင့် ကုသိုလ်တရားများ အတူ တကွ မဖြစ်သောကြောင့် ဖြစ်ပါသည်။

၈။ ဒါနံ ဒတ္တာ တံ ပစ္စဝေက္ခတိဋ္ဌ (က) ဒါနံအရ အနုပါန အစရှိသော ဒါနဝတ္ထု စေတနာ ရပါသည်။

(ခ) ဒတ္ဌာ တံ အရ ပရိစ္ဆာဂ စေတနာ၊ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ် ရပါသည်။

(ဂ) ပစ္စဝေက္ခတိ အရ ဆင်ခြင်သော ကာမကုသိုလ် ရပါသည်။

ပရိစ္ဆာဂစေတနာ၊ ဝိသောဓနစေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်သည် ပစ္စည်း၊ ဆင်ခြင်သော ကာမကုသိုလ်သည် ပစ္စယုပ္ပန် ဖြစ်ပါသည်။

၉။ (က) သီလံ သမာဓိယိတ္ဌာ တံ ဂရုံ ကတ္ဌာ ပစ္စဝေက္ခတိ သည် အာရမ္မဏူပနိဿယ။

(ခ) အနုလောမံ ဂေါတြဘုဿ, သည် အာရမ္မဏူပနိဿယ အနန္တရူပနိဿယ၊ ပကတူပနိဿယ။

(ဂ) သဒ္ဓံ ဥပနိဿာယ မဂ္ဂံ ဥပ္ပါဒေတိ,ဌ် ပကတူပနိဿယ။

အနန္တရ၏ သဘာဝ ပစ္စည်းမျှားမှာ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆) ပစ္စည်း ဖြစ်ပါသည်။

၁၀။ ကုသလော (ပ) ကမ္မပစ္စယေန ပစ္စယော,ဌ် ကတ္တား ပါဌ်အရသည်

(က) သဟဇာတကုသိုလ် စေတနာဖြစ်အံ့ အဗျာကတ အရ စိတ္တဇရုပ် ပစ္စယုပ္ပန်။

(ခ) နာနာက္ခဏိကကုသိုလ် စေတနာဖြစ်အံ့ အဗျာကတ အရ ကုသလဝိပါက် ကေုနတိ ံသ စေ အဌတိ ံသ နာမက္ခန္ဓာ၊ ကဋတ္တာရုပ် ပစ္စယုပ္ပန် ရပါသည်။

ကမ္မ နှစ်မျိုးတို့တွင် (က) သဟဇာတ ကမ္မသည် ပစ္စုပ္ပန်ကာလ၊ (ခ) နာနာက္ခဏိက ကမ္မသည် အတိတ် ကာလ၌ ဖြစ်ပါသည်။

၁၃၂၄ - ခု၊ အစိုးရ ပထမကြီးတန်း

ပဌာန်း မေးခွန်းလွှာများ

.....o.....

၁။ နိဗ္ဗာန်သည် သောတာပတ္တိ မဂ်စိတ်အား အဘယ်မျှ လောက်သော ပစ္စယသတ္တိများဖြင့် ကေ ျ း ဇူ း ပြု ပါ သနည်း။ ပဋ္ဌာဝေါကာရစုတိ၏ (ဝတ္ထု ပုရေဇာတ နိဿယ) ပစ္စည်းတရားကို သေချာစွာ ညွှန်ပြလျက် ပဋ္ဌာဝေါကာရ ပဋ္ဌိသန္ဓေစိတ်သည် ဟဒယဝတ္ထုကို မှီသည်ဖြစ်လျက် အဘယ်ကြောင့် (ဝတ္ထု ပုရေဇာတနိဿယ) ပစ္စယုပ္ပန်တွင် မပါဝင်ကြောင်းကိုလည်း ဖော်ပြပါ။

၂။ ကမ္မဇရုပ်တို့၏ ပဝတ္တိအခါ၌ စိတ်နှင့်မစပ်ဘဲ ဖြစ်နိုင်ပုံကို မည်သည့် အထောက်အထားဖြင့် ယုံကြည်ရပါမည်နည်း။ အရူပိနော ဣန္ဒြိယာ သမ္မယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာ နဉ္စ ရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော, ဤ ကတ္တားပါ၌ အရ သမ္မယုတ္တာခန္ဓာအားသာ တပ်သော (ဧကဋ္ဌတာ)ကို ယူကာ ကရိုဏ်းအရ ရထိုက်သော ပစ္စည်းမျှားကို ညွှန်ပြပါ။

၃။ ဟေတုပစ္စည်းကြောင့်ဖြစ်သော အဗျာကတ ဓမ္မတို့တွင် အဗျာကတဓမ္မကို စွဲ၍ဖြစ်သော အဗျာကတ ဓမ္မမျှားကို ပဋ္ဌိစ္စဝါရ အသွားကို ထောက်ထားဖေါ်ပြလျက် ပဋ္ဌိစ္စ စသော ဆဝါရတို့တွင် အဘယ်ဝါရမျှား၌ (အဗျာကတ ပဒ ကုသလ ပဒါဝသာန) ကို ရထိုက်ကြောင်း ပြဆိုပါ။

၄။ ပဋ္ဌိစ္စ ဒုကာဒိသချုံ့ဝါရ ဟေတုမူ သဟဇာတ ဒုကာ၌ ပစ္စနိယာ နုလောမ တ ရား မျှား ကို ထုတ် ၍ သချုံ့ သချုံ့ယျမျှားကိုလည်း တုတ်ပြပါ။

၅။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏပစ္စယာ, ဤ ဝိဓိပါဠိတော်၌ ဟိတ်ပါ၌အရကို (ဆိုရိုးကျ)ကောက်ပြ၍ ဒွေဝန္ဓေ ပဋ္ဌိစ္စ ဒွေဝန္ဓာ ဟူသော အနုဝါဒ၌ ရထိုက်သော ခန္ဓာဝါရ အရေအတွက် သချုံ့ မျှကိုလည်း ဖေါ်ပြပါ။

၆။ ပဋ္ဌိစ္စ အနုလုံ သုဒ္ဓသချ၎ဝါရ ၌ သမ္မယုတ္တေ တိဏိ, ဟု ဟောအပ်သောတရားများနှင့် ၎င်းပစ္စနိက်၌ နသမ္မယုတ္တေ ပဋ္ဌ ဟု သချ၎တပ်၍ ဟောအပ်သော တရားများကို ထုတ်ပြပါ။

၇။ (က) သမ္မယုတ္တခန္ဓာ။ (ခ) သဟိတ် စိတ္တဇရုပ်။ (ဂ) သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်ဟု ဟောတု ပစ္စယုပ္ပန် (၃)မျိုးရှိရာ ကုသိုလ်ဟိ**တ်၊** အကုသိုလ်ဟိတ်၊ အဗျာကတ ဟိတ်တို့၏ ပစ္စယုပ္ပန် ဖြစ်သင့်ရာကို ညွှန်ပြပါ။

၈။ (က) သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခတိ။ (ခ) ဒါနံ ဒတ္ဝာ တံ အဿာဒေတိ။ (ဂ) အရဟာ မဂ္ဂံ ပစ္စဝေက္ခတိ ဤ၌ ပစ္စည်း ပစ္စယုပ္ပန် တရားများကို (ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ) ဟု အမည်မျှသာ ညွှန်ပြပါ။

၉။ (က) ကုသိုလ်က အကုသိုလ်။ (ခ) ကုသိုလ်က အဗျာကတ, အား အာရမ္မဏာမိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ၌ စည်း၊ ပွန် ဖြစ်ထိုက်သော တရားများကို သိသာရုံမျှ ညွှန်ပြပါ။

၁၀။ မိမိ၏ သီလ သုတဂုဏ်ကို အမှီပြုပြီး မာန်တက်လျက်ရှိရာ သီလ သုတဂုဏ်က မာန်မာနအား အဘယ် ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။ အာရမ္မဏ သဘာဝ ပစ္စည်းသရုပ်နှင့် ဃဋ္ဋနာ သချ၎မျှကို ပြဆိုပါ။

၁၃၂၄ - ခု၊ ပထမကြီးတန်း ပဋ္ဌာန်းအဖြေများ

ပထမပိုင်း

၁။ နိဗ္ဗာန်သည် တောတောပတ္တိ မဂ်စိတ်အား အာရမ္မဏ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ပစ္စယသတ္တိများ ဖြင့် ကျေးဇူးပြုပါသည်။

ပဋ္ဌဝေါကာရ စုတိ၏ ဝတ္ထု ပုရေဇာတနိဿယ ပစ္စည်း တရားများ စုတိစိတ်မှ ပြန်၍ရေသော် တဆယ့်ခုနစ်ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ရှိသော ဟဒယဝတ္ထုသည် ဝတ္ထု ပုရေဇာတနိဿယ ပစ္စည်း ဖြစ်ပါသည်။

ပဋ္ဌဝေါကာရ ပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုကို မှီသော်လည်း မိမိနှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုကို မှီရ၍ ရှေးမဖြစ်သောကြောင့် ဝတ္ထု ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်တွင် မပါဝင်နိုင်ပါ။ (ဌင်းပစ္စည်း၏ အဂ်ါများ) မှီရာဝတ္ထုလဲ ဖြစ်ရမည်။ ရှေးလဲ ဖြစ်ရမည်။ မှီလဲ မှီရမည်။ ဤ အဂ်ါ ၃-ပါး ပြည့်စုံမှ ဝတ္ထု ပုရေဇာတနိဿယပစ္စည်း တပ်ပါသည်။

၂။ ကမ္မဇရုပ်တို့ ပဝတ္တိအခါ စိတ်နှင့်မစပ်ဘဲ ဖြစ်ပုံကို နိရောဓသမာပတ် ဝင်စားသော အနာဂါမ် ရဟန္တာတို့၏ သန္တာန်၌ နိရောဓသမာပတ် ဝင်စားခိုက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်များ မဖြစ်၍ ကမ္မဇရုပ်သာလျှင် ဖြစ်သည်ကိုထောက်၍ သိရပါသည်။

အရူပိနော ဣန္ဒြိယာ (၀) ရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယောဒ္ဓ ကတ္တားပါဒ်အရ သမ္မယုတ္တ ခန္ဓာအားသာ တပ်သော ဧကဂ္ဂတာကိုယူသော် ကရိုဏ်းပါဒ်အရ သဟ ဇာတ၊ အညမညု၊ နိဿယ၊ ဣန္ဒြိယ၊ စျာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ အတ္ထိ၊ အဝိဂတ။

မှတ်ချက်။ ။ ဝိပါက်ဒ္ဒရှိသော ဧကဂ္ဂတာ ဖြစ်အံ့ ဝိပါကထည့်၍ (၁၀)ပစ္စည်း။

၃။ ဟေတုပစ္စည်းကြောင့်ဖြစ်သော အဗျာကတဓမ္မတို့တွင် အဗျာကတဓမ္မကို စွဲ၍ဖြစ်သော အဗျာကတ ဓမ္မမျှားမှာ ပဝတ္တိ ပဋိသန္ဓေ၊ ရုပ် သက် သက် ၃ - မျိုးရှိပါသည်။ ပဝတ္တိအခါသည် ၁၃၁၃ - ခု၊ ဒုတိယပိုင်း ၁ - နံပါတ် အဖြေနှင့် တူပါသည်။

ပဋိသန္ဓေအခါသည် ၁၃၁၃ - ခု၊ ဒုတိယပိုင်း ၁ - နံပါတ် အဖြေနှင့် တူပါသည်။

ရုပ်သက်သက်သည် ၁၃၀၉ - ခု၊ ပထမပိုင်း ၁ - နံပါတ် အဖြေနှင့် တူပါသည်။

ပဋိစ္စ စသော ဆဝါရတို့တွင် ပစ္စယဝါရ၊ နိဿယဝါရ တို့၌ အဗျာကတပဒ၊ ကုသလပဒါဝသာနကို ရပါသည်။

၄။ ပဋိစ္စ ဒုကာဒိသချ်ဝါရ ဟေတုမူ သဟဇာတ ဒုကဒ္ဒ ပစ္စနိယာနုလောမ တရားမျှားမှာ မောဟမူ ဒွေဒ္ဒ မောဟ၊

အဟိတ် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး။ အဟိတ် စိတ္တဇရုပ် (၁) ပဝတ္တိ ကမ္မဇရုပ်များ ဖြစ်ပါသည်။

သခ္ခ်ာကား နဟေတုပစ္စယာ သဟဇာတေ ဒွေ ဖြစ်ပါသည်။

သခ္ခ်ကား အကုသလေန အကုသလံ၊
အဗျာကတေန အဗျာကတံ ဖြစ်ပါသည်။

၅။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အာရမ္မဏ ပစ္စယာ၌ အာရမ္မဏပစ္စယာဟူသော ဟိတ်ပါ၌ ၏ အရကား ကုသိုလ်စိတ် ဧကဝီသအား တပ်သော အရဟာတ္တမဂ် အရဟာတ္တဖိုလ် ကြဉ်သော စိတ် ရှစ်ဆယ် ခုနစ်ခု၊ စေ ဒွေပညာသ၊ ရုပ်အဌဝီသ၊ နိဗ္ဗာန်၊ ပညတ် ဤအာရုံခြောက်ပါး ပစ္စည်းတရားတို့၏ အာရမ္မဏ သတ္တိ ရ၏။

(တနည်းအကျယ် ကောက်နိုင်ပါသေးသည်။)

ဒွေခန္ဓေ ပဋ္ဌိစ္စ ဒွေခန္ဓာ, ဟူသော အနုဝါဒ ပါဠိတော်၌ ရထိုက်သော ခန္ဓာဝါရမှာ ခြောက်ပါး ဖြစ်ပါသည်။

၆။ ပဋ္ဌိစ္စ အနုလုံ သုဒ္ဓသင်္ချာဝါရ၌ စိတ်တခုယုတ် ကိုးဆယ် စေ ဒွေပညာသ ပဝတ္တိပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး

ဤတရားတို့ကို သမ္မယုတ္တေ တိဏိ ဟု သင်္ခ်ာတပ်၍ ဟောပါသည်။

ပဋ္ဌိစ္စ ပစ္စနိုက် သင်္ခ်ာဝါရ၌ စိတ္တဇရုပ် (ပ) ပဝတ္တိ ကမ္မဇရုပ် ဤတရားတို့ကို နသမ္မယုတ္တေ ပဠု ဟု သင်္ခ်ာတပ်၍ ဟောပါသည်။

၇။ ကုသိုလ်ဟိတ်၏ ပစ္စယုပ္ပန်မှာ (က) သမ္မယုတ္တခန္ဓာ။ (ခ) သဟိတ် စိတ္တဇရုပ်။

အကုသိုလ်ဟိတ်၏ ပစ္စယုပ္ပန်မှာ (က) သမ္မယုတ္တခန္ဓာ။ (ခ) သဟိတ် စိတ္တဇရုပ်။

အဗျာကတဟိတ်၏ ပစ္စယုပ္ပန်မှာ (က) သမ္မယုတ္တခန္ဓာ။ (ခ) သဟိတ် စိတ္တဇရုပ်။ (ဂ) သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်များ အသီးအသီး ဖြစ်ကြပါသည်။

၈။ (က) သေက္ခာ ဝေါဒါနံ ပစ္စဝေက္ခတိ, သည် ကုသိုလ် ပစ္စည်း ကုသိုလ် ပစ္စယုပ္ပန် ဖြစ်ပါသည်။

(ခ) ဒါနံ ဒတ္ဝာ တံ အဿာ ဒေတိ, သည် ကုသိုလ် ပစ္စည်း အကုသိုလ် ပစ္စယုပ္ပန် ဖြစ်ပါသည်။

(ဂ) အရဟာ မဂ္ဂံ ပစ္စဝေက္ခတိ, သည် ကုသိုလ်ပစ္စည်း အဗျာကတ ပစ္စယုပ္ပန် ဖြစ်ပါသည်။

၉။ (က) ကုသိုလ်က အကုသိုလ်အား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ၌ အလေးအမြတ် ပြုအပ်သော လောကီကုသိုလ် သတ္တရသ ပစ္စည်းကုသိုလ်က အလေး အမြတ်ပြုတတ်သော လောဘမူရှစ်ခု၊ အကုသိုလ်ပစ္စယုပ္ပန် အား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

(ခ) ကုသိုလ်က အဗျာကတအား အာရမ္မဏာဓိပတိ သတ္တိဖြင့် ကျေးဇူးပြုရာ၌ အရဟတ္တမဂ် ကုသိုလ်ပစ္စည်း အ လေး အ မြတ် ပြု တတ် သော မဟာကြိယာ ဉာဏ သမ္ပယုတ် လေးခု၊ ဝိရတိ အပ္ပမညာကြဉ်သော စေ တေတ္တိ ံ သ အဗျာကတ ပစ္စယုပ္ပန် ဖြစ်ပါသည်။

၁၀။ မိမိ၏ သီလ သုတဂုဏ်ကို အမှီပြုပြီး မာန်တက်လျက် ရှိရာ သီလဂုဏ် သုတဂုဏ်က မာန်မာနအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အာရမ္မဏပစ္စည်း၏ သဘာဝမှာ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းမျှား ဖြစ်ပါသည်။

အာရမ္မဏ ပစ္စည်း၏ ဃဋ္ဋနာသင်္ချာမှာ ပဉ္စ ဖြစ်ပါ သည်။

၁၉၃၅-ခု ဇွန်လ ၁၂၉၇-ခု နယုန်လ

ပဋ္ဌာန ပဋ္ဌမကြီး

.....o.....

၁။ စိတ်ဟူသမျှ တပ်နိုင်သော ပစ္စည်းစုံနှင့် အချို့စိတ်များသာ အထူးတပ်နိုင်သော ပစ္စည်းစုံကို ခွဲခြားပြပါ။ (၁၂)

၂။ အဓိပတိ တပ်ခိုက်တရားနှင့် တပ်နေတရား။ အဓိပတိ ပစ္စည်းကို မရခိုက်တရားနှင့် မရနေတရားများကို ခွဲခြားထုတ်ဖော်ပြပါ။ (၁၀)

၃။ ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တာ စေတသိကာ ဓမ္မာ၊ တေတေဓမ္မာ၊ တေသံ တေသံ ဓမ္မာနံ အနန္တရ ပစ္စယေန ပစ္စယောဟူသော နိဒဿနာကာရ ပါဠိတော်ဖြင့် အသီးအသီး ပြဟန်ကို ဆိုရိုးကျရေးပါ။ (၁၀)

၄။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယော, ကုသလေ ခန္ဓေပဋ္ဌိစ္စ စတ္တာသမုဋ္ဌာန ရူပံ, ဟူသော ပါဠိတော်အရ ဝိဓိ ပါဠိတော်၌ ကောက်ရိုးအတိုင်း ကောက်၍ ၎င်းအရကောက် အဆုံးမှာ "ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း" ဟူ၍ အမှာစကား ထည့်ခြင်း အကျိုးကိုလည်း ဖော်ပြပါ။ (၁၂)

၅။ ပဋ္ဌိစ္စဝါရ ပစ္စယဝါရနှင့် သံသဋ္ဌဝါရတို့မှာ အသီးအသီး မည်သို့ နည်းလမ်းများဖြင့် ဟောကြားတော်မူသည် တဝါရနှင့် တဝါရ မည်သို့ ထူးခြားကြသည်ကို ထင်းရှား အောင် ခွဲခြားပြပါ။ (၁၂)

၆။ သဟဇာတ ကမ္မနှင့် သတ္တိတူ ပစ္စည်းများကို ဘော်ပြပါ။ (၁၀)

၇။ ဟေတု သဟဇာတ နိဿယ အတွေ့ အဝိဂတန္တိ သတ္တ, ဟူသော ပါဠိတော်သည် အဘယ် ဃဋ္ဋနာဆိုင်ရာ ပါဠိတော် ဖြစ်ကြောင်းကို ဘော်ပြပြီးလျှင် သတ္တ၏ အရသရုပ်ကိုလည်း ဘော်ထုတ်ပါ။ (၁၂)

၈။ သမ္မယုတ္တ ဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ (လ)ဟေတု ပစ္စည်း၏ ဝိဘင်ဝါရကို ရှေးဦးစွာ ဟောတော်မူ၏ ဤစကားရပ်၌ ပေယျာလကို ဆိုရိုး ကျန အောင် ဘော်ပြပါ။ (၁၀)

၉။ စျာန ပစ္စည်း၌ ဃဋ္ဋနာပေါင်း မည်မျှရသည်ကို အကျဉ်း ဘော်ပြပြီးလျှင် ၎င်း ဃဋ္ဋနာ ထိုအထဲမှ သဘာဝ အမျိုး ဆုံး ရသင့်သော ဃဋ္ဋနာ တခုကို ထုတ်ပြပါ။ (၁၀)

၁၀။ ပဠာဝါရ ဟေတုမူ သမ္မယုတ္တ သဘာဝ ပစ္စည်းတွန်း သက်သက်ကို တွန်းပြပါ၊ (ပစ္စ နိယာ နုလောမ ပါဠိ စသည်ကို ထုတ်ရန်မလို)။ (၁၂)

၁၁။ သုံးချက် စုနည်းအရ အာသေဝန ပစ္စည်းမှာ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရား၊ ပစ္စနိုက်တရား၊ ပစ္စည်း ပစ္စယုပ္ပန်တရား၊ ပစ္စည်း ပစ္စနိုက်တရား သုံးပါးလုံးမှ လွတ်သော တရားအားဖြင့် ခြောက်ချက်စုဖြစ်အောင် ဝေဘန်ပါ(၁၀)

၁၉၃၅ - ခု၊ ၁၂၉၇ - ခု၊ ပဋ္ဌာန်းအဖြေ

၁။ စိတ်ဟူသမျှ တပ်နှိုင်သော ပစ္စည်းများမှာ, အာရမ္မဏသဟဇာတ အညမညနိဿယ ဥပနိဿယ အာဟာရ ဣန္ဒြိယ သမ္ပယုတ္တ အတ္ထိ အဝိဂတ။

တချို့စိတ်များသာ အထူးတပ်နှိုင်သော ပစ္စည်းစုမှာ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ အနန္တ ရူပ နိဿယ၊ အာရမ္မဏူပနိဿယ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊

၂။ သာဓိပတိ ဇော (၅၂)ခုတို့တွင် ကာမဇော (၂၆)ခု၌ ရှိသော အဓိပတိတရားကိုယ် သုံးပါးလေးပါးတို့တွင် တပါးပါးသည် ရုံခါသာ အဓိပတိ ပစ္စည်း တပ်သောကြောင့် အဓိပတိ တပ်ခိုက် မည်ပါသည်။

အပ္ပနာဇော (၂၆)ခု၌ ရှိသော အဓိပတိ တရားကိုယ် လေးပါးတို့တွင် တပါးပါးသည် အဓိပတိ အမြဲတပ်သော ကြောင့် အဓိပတိ တပ်နေ မည်ပါသည်။

(တပ်ခိုက်ကား၊ အနေကန် စကား တပ်နေကာ ကေန် စကား ဖြစ်ပါဘည်။)

လောဘမူ ရှစ်ခု၊ ဒေါသမူဒွေ့ မဟာကုသိုလ် မဟာ ကြိယာဟု ဆိုအပ်သော ကာမဇော(၂၆)ခု သာဓိပတိ စိတ္တဇရုပ်တို့သည် နာမကွန္ဓာ သဟဇာတာ ဓိပတိ ပစ္စည်း၏ ကျေးဇူးပြုကို မခံရသည့်အခါ အဓိပတိ ပစ္စည်းကို မရခိုက် မည်ပါသည်။

မောဟမူဒွေ့ အဟိတ်စိတ်(၁၈) မဟာဝိပါက်(၈)ခု မဟဂ္ဂုတ် ဝိပါက်(၉)ခု နာမကွန္ဓာ၊ နိရာဓိပတိ စိတ္တဇရုပ် (လ) ပဝတ္တိ ကမ္မဇရုပ်တို့သည် သဟဇာတာ ဓိပတိ ပစ္စည်း၏ ကျေးဇူးအပြုကို အခြင်းခပ်သိမ်း မခံရသော ကြောင့် အဓိပတိ ပစ္စည်းကို မရနေမည်ပါသည်။

(သာဓိပတိဇော (၅၂)ခုတို့တွင် ကာမဇော(၂၆)ခု၊ နာမကွန္ဓာတို့သည် သဟဇာတာ ဓိပတိ ပစ္စည်း၏ ကျေးဇူး အပြုကို အနေကန်အားဖြင့် ခံရသောကြောင့် အဓိပတိ ပစ္စည်းကို ရခိုက်မည်ပါသည်။)

အပ္ပနာဇော (၂၆)ခု နာမကွန္ဓာတို့သည် သဟဇာတာ ဓိပတိ ကျေးဇူးပြုကို ကေန်ခံရသောကြောင့် အဓိပတိ ပစ္စည်းကို ရနေမည်ပါသည်။

(ရခိုက်သည် အနေကန်စကား ရနေသည် ကေန်စကား ဖြစ်ပါသည်။ (အပို)။

၃။ ယေသံ ယေသံ ဓမ္မာနံ, ဟူသော ပါဠိဖြင့် အနိယမ အားဖြင့် ရဟန္တာတို့၏ စုတိကြည်သော ရှေးရှေးသောစိတ် (၇၉) စေ - ဒွေပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

ယေယေဓမ္မာ, ဟူသော ပါဠိဖြင့် အနိယမအားဖြင့် ရဟန္တာတို့ စုတိစိတ်နှင့်တကွ နောက်နောက်သော စိတ် (၇၉) စေ - ဒွေပညာသ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

စိတ္တစေတသိကာ ဓမ္မာ, ဟူသော ပါဠိဖြင့် အနန္တရ ပစ္စယုပ္ပန် နာမကွန္ဓာ သရုပ်ကို ပြတော်မူ၏။

တေတေဓမ္မာ, ဟူသော ကတ္တားပါဠိဖြင့် နိယမအားဖြင့် ယေသံ ယေသံ ဓမ္မာနံ, ဟူသောပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိကြည်သော ရှေးရှေးသော စိတ် (၇၉) ခု စေ- ဒွေ ပညာသ ပစ္စည်းတရားကို ပြတော်မူ၏။

တေသံ တေသံ ဓမ္မာနံ, ဟူသော သမ္မဒါန် ပါဠိဖြင့် နိယမ အားဖြင့် ယေယေဓမ္မာ, ဟူသော ပါဠိဖြင့် မှတ်အပ်ပြီးသော ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော စိတ် (၇၉) ခု၊ စေ ဒွေ ပညာသ၊ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

အနန္တရ ပစ္စယေန,ဟူသော ကရိုဏ်းဖြင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော အနန္တရ သမနန္တရ ဥပနိဿယ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ၊ ဤခုနစ် ပစ္စယ (လ) ကျေးဇူးပြုဟန်ကို ပြတော်မူ၏။

၄။ ကုသလံဓမ္မံ (ပ)ဝိဓိပါဠိတော်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝိသ စေ-အဌတိံသ အစိတ်အပေါင်း နာမက္ခန္ဓာကိုစွဲ၍ ဖြစ်သော ကုသိုလ်, ပြုအပ်သော စိတ္တဇရူပ် ပစ္စယုပ္ပန်တရားရ၏။

ဟေတုပစ္စယော,ဟူသော ဟိတ်ပါဠိ၏ အရကား စိတ္တဇ ရူပ်အား တပ်သော ပဋ္ဌဝေါကာရဘုံ ဖြစ်သောအခါ ကုသိုလ် ဧကဝိသ၊ စေ အဌတိံသ၊ စိတ္တက္ခဏ တခုတခု၌ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ တိဟိတ် ဖြစ်အံ့ အလောဘ၊ အဒေါသ၊ အမောဟ၊ ဤဟိတ် ၂-ပါး ၃-ပါး၊ ပစ္စည်းတရားတို့၏ ဟေတုသတ္တိရ၏။ ထို ၂-ပါး တို့တွင် အရကား ပဋ္ဌာန အားဖြင့် ကတ္တားသာတည်း။

ပဋ္ဌိစ္စသော ဆဝါရတို့၌ ပစ္စယုပ္ပန် တရားကို ပဋ္ဌာန ထားရ၍ ဟောကြားသည်ကို သိစေလို၍ အရကား ပဋ္ဌာန အားဖြင့် ကတ္တားသာတည်းဟု အမှာစကားထည့်၍ အရကောက် ဆရာတော် ပြရပါသည်။

၅။ ပဋ္ဌိစ္စ ဝါရ၌ ရူပ်တရား နာမ်တရားကို သဟဇာတ သဘောအားဖြင့် ပစ္စည်း ပစ္စယုပ္ပန်ပြုကာ ယထာရဟ ဟောကြားတော် မူပါသည်။

ပစ္စယ ဝါရဋ္ဌ ရုပ်တရား နာမ်တရားတို့ကို နိဿယ ပုရေဇာတ သဘောအားဖြင့် ပစ္စည်း ပစ္စယုပ္ပန်ပြုကာ ယထာရဟ ဟောကြားတော်မူပါသည်။

သံသဋ္ဌဝါရဋ္ဌ နာမ်တရားသက်သက်ကိုသာ သမ္ပယုတ္တ သဘောဖြင့် ပစ္စည်း ပစ္စယုပ္ပန်ပြု၍ ယထာရဟ ဟောကြား တော် မူ၏သည်။

တဝါရနှင့် တဝါရ ထူးခြားပုံ,

(က) ပဋ္ဌိစ္စဝါရဋ္ဌ သဟဇာတ ပစ္စည်း ရကောင်းသော တရားကို ဟောပါသည်။

(၁) ပစ္စယဝါရဋ္ဌ သဟဇာတနိဿယ ပုရေဇာတ နိဿယ ၂-ပါးရကောင်းသော တရားများကို ဟောပါ သည်။

(ဂ) သံသဋ္ဌ ဝါရဋ္ဌ သမ္ပယုတ္တပစ္စည်း ရကောင်းသော တရားများကို ဟောကြားပါသည်။

ဤကဲ့သို့ အသီးအသီး ထူးခြားကြပါသည်။

၆။ သဟဇာတ ကမ္မနှင့် သတ္တိတူ ပစ္စည်းများမှာ သဟဇာတ အညမည နိဿယ ဝိပါက အာဟာရ သမ္ပယုတ္တ ဝိปယုတ္တ အတ္ထိ အဝိဂတ ပစ္စည်းများ ဖြစ်ပါသည်။

၇။ ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတန္တိ သတ္တ, ဟူသော ပါဠိတော်သည် သဗ္ဗဌာနိက ဃဋ္ဋနာ၏ ပါဠိတော် ဖြစ်ပါသည်။

သတ္တအရမှာ,၁ - ကုသလော ကုသလဿ၊ ၂- ကုသလော အဗျာကတဿ၊ ၃ - ကုသလော ကုသလာ ဗျာကတဿ၊ ၄ - အကုသလော အကုသလဿ၊ ၅ - အကုသလော အဗျာကတဿ၊ ၆ - အ ကု သ လော အ ကု သ လာ ဗျာကတဿ၊ ၇ - အဗျာကတော အဗျာကတဿ ဖြစ်ပါသည်။

၈။ ၈ - နပါတ် ပုဒ္ဓာ၏ အဖြေသည် ၁၃၁၁ - ခုနှစ် ဒုတိယပိုင်း ၁ - နံပါတ် အဖြေနှင့် တူပါသည်။

၉။ ဈာနပစ္စည်းဌ် သာမည ဃဋ္ဋနာ(၉)ချက် သဂ္ဂါနိုယ ဃဋ္ဋနာ (၉)ချက်၊ သမဂ္ဂ ဃဋ္ဋနာ (၉)ချက်၊ သဂ္ဂါနိုယ မဂ္ဂ ဃ ဋ္ဋ ၊နာ (၉)ချက် အားဖြင့် ၃၆ - ချက်ဖြစ်ပါသည်။

သဘာဝ အများဆုံး ရနိုင်သော ဃဋ္ဋနာမှာ သဝိပါက သဂ္ဂါနိုယ မဂ္ဂ ဃဋ္ဋနာဌ် သဗ္ဗဌာနိက ဃဋ္ဋနာ ဖြစ်ပါသည်။

၁၀။ (က)ဟေတုမူ သမ္မယုတ္တ သဘာဝဌ် အချင်းချင်း အားဟပ်သော ဟိတ်(၆)ပါးမှ တပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာလေးပါး ဤတရားတို့သည်

သမ္မယုတ္တ ပစ္စည်းသာတပ်၍ ဟေတုပစ္စည်း မတပ်သော ကြောင့် ဟေတုပစ္စည်းတွန်း၍ စင်ကုန်၏။

(ခ)သဟိတ်စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဟိတ်(၆)ပါး ဤတရားတို့သည် ဟေတုပစ္စည်းသာ တပ်၍ သမ္မယုတ္တ ပစ္စည်း မတပ်သောကြောင့် သမ္မယုတ္တပစ္စည်း တွန်း၍ စင်ကုန်၏။

(ဂ)အလုံးစုံသော အာရမ္မဏ ပစ္စည်း၊ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တပ်သော ဟိတ်(၆)ပါးမှ တပါး ပဋ္ဌဝေါကာရ ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ လေးပါး အချင်းချင်း အားလုံး ဥပါဒါရုပ်အားလုံး တပ်သော မဟာဘုတ် လေးပါး အချင်းချင်းအားတပ်သော ပဋိသန္ဓေ ဟိတ် သုံးပါးမှ တပါး ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမကွန္ဓာ ဟဒယ ဝတ္ထု ဆိုအပ်သော သဟဇာတ ပစ္စည်း၊ အနန္တရူပ ပကတူပ နိဿယပစ္စည်း၊ ဝတ္ထု ပုရေဇာတ ပစ္စည်း၊ ပစ္ဆာဇာတ နာနာက္ခဏိက ကမ္မပစ္စည်း၊ ရူပ် အာဟာရ ပစ္စည်း၊ ရူပ ဇီဝိတိန္ဒြိယ ပစ္စည်း၊ ဤပစ္စည်းတရား (ဂ)ပါးတို့သည် ဟေတု သမ္မယုတ္တ ပစ္စည်း ၂-ပါး မတပ်ကုန်။

(ဃ) သမ္မယုတ္တ ခန္ဓာအားသာ တပ်သော ဟိတ် ခြောက်ပါး ဤတရားတို့သည် ဟေတု သမ္မယုတ္တ ပစ္စည်း ၂-ပါး တပ်ကုန်၏။

၁၁။ သုံးချက်စုအရ အာသေဝန ပစ္စည်းခွဲ

(က) ပစ္စည်း, အဆုံးဇောကြဉ်သော၊ လောကီဇော သတ္တ စတ္တာလီသ၊

(ခ) ပစ္စယုပ္ပန်တရား, ကာမဇော ၂၉-ခု၏ ဒုတိယာ ဒိဇော၊ မဟဂ္ဂုတ် ကုသိုလ် ကြိယာဇော၊ မဂ်ဇော ၄-ခု။

(ဂ) ပစ္စနိုက်, အာဝဇ္ဇန်ဒွေ၊ ဝိပါက်စိတ် ဆတ္တိံသ၊ စေတသိက် ဆတ္တိံသ၊ စိတ္တဇရူပ် (၆)ပဝတ္တိကမ္မဇရူပ်။

(ဃ) ပစ္စည်းပစ္စယုပ္ပန်, ကာမဇော(၂၉)ခု၏ အလယ်ဇော(၅)ချက် မဟဂ္ဂုတ် ကုသိုလ် ကြိယာဇောမျှား။

(င) ပစ္စည်းပစ္စနိုက်,ကာမဇော ၂၉ - ခု၏ ပထမဇော။

(စ) သုံးပါးလုံးမှ လွတ်သောတရား နိဗ္ဗာန် (ပညတ်) ဖြစ်ပါသည်။

၁၂၇ဖ - ခု၊ ပရိယတ္တိ စာပြန်ပဲ့ ပဋ္ဌာန်းမေးခွန်း

ပထမကြိုး ကျော် ဖြေဆိုရန်

.....o.....

၁။ အောက်ပါ ပါဠိတော်ကို အနက် သမ္ဗန်၍ ကတ္တားပုဒ် သမ္ဗန္ဓပုဒ်ဖြင့် ပြအပ်သော ဓမ္မမျှားကို ဘော်ပြပါ။

ဝိပါက ပစ္စယောတိ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါက ပစ္စယေန ပစ္စယော၊

၂။ နိဗ္ဗာန်သည် ရှိလျက် အဘယ်ကြောင့် အတ္ထိ ပစ္စည်း မတည်ပါသနည်း၊ ၎င်းပြင် မည်သည့် ဓမ္မမျိုးကို ပစ္စယုပ္ပန် ထုတ်အပ်ပါသနည်း။

၃။ အောက်ပါ ပစ္စည်းများနှင့် သဘာဝဖြစ်သော ပစ္စည်း များကို ရေးခဲ့ပါ၊ ဟေတု သဟဇာတ အာသေဝန၊

၄။ အာဟာရ ပစ္စည်းသည် ဇနက, ဥပထမ္ဘက ၂-ပါး တပ်၏ဟု ဆိုသော် အဘယ် သြဇာသည် အဘယ်ရုပ်အား အဘယ်သတ္တိဖြင့် ကျေးဇူးပြုပါသနည်း၊ ထင်ရှားအောင် ဘော်ပြပါ။

၅။ ဣန္ဒြိယ ပစ္စည်းခု အစိုးရပုံ လက္ခဏာကိုရေး၍ နာမ် ဣန္ဒြေ၏ ပစ္စည်း ပစ္စယုပ္ပန်များကို ထုတ်လိုက်ပါ။

၆။ အာရမ္မဏ ၇-မျိုးကို ဘော်ပြ၍၊ စတုဝေါကာရဘူတ်ခု ဖြစ်သင့်သော ပစ္စည်းများကို ထုတ်ပြပါ။

၇။ ပစ္ဆာဇာတ ပစ္စည်း၏ ကျေးဇူးပြုပုံ ဥပမာဆောင်၍ ပြပါ။

၈။ အောက်ပါ ပေယျာလ ဌပ်ကို ဘော်ထုတ်လိုက်ပါ။ ဟေတုပစ္စည်း၏ ဝိဘင်္ဂါရကို ဟောတော်မူသည်၏ အခြားမဲ့၌ အာရမ္မဏ ပစ္စည်း၏ ဝိဘင်္ဂါရကို ဟောတော် မူ၏ (လ)ဟောဟန်ကား။

၉။ ကုသလော ဓမ္မော၊ ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော, ဒါနံ ဒတ္တာ၊ သီလံ သမာဓိယိတ္တာ၊ ဥပေါသထ ကမ္မံ ကတ္တာ၊ တံ ပစ္စဝေက္ခတိ, အထက်ပါ ဝိဓိ ပါဠိတော်၌ အာရမ္မဏ ပစ္စယေန ဟူသော ကရိုဏ်း ပုဒ်နှင့် တပြိုင်နက် ယထာရဟ တပ်ကောင်းသော ပစ္စည်း သရုပ်ကို ထုတ်လိုက်ပါ။

၁၀။ အထက်ပါ အနုဝါဒ ပါဠိတော်၌ ဒါနံ ဒတ္တာ တံ ပစ္စ ဝေက္ခတိ အရကောက်ပြီးလျှင် အနု ပါန ဃရ ဝတ္ထု စသော ဒါန ဝတ္ထုကို လှူဒါန်းလိုသော ဒါယကာ၏ ပစ္စည်း တပ်ဟန်ကို ဝိထိချ၍ ပြခဲ့ပါ။

အကျော်သာ ဖြေဆိုရန်

၁၁။ ဟေတု ပစ္စယောဒ္ဓ ဟေတုနှင့် ပစ္စယ မည်သို့ ထူးခြား ပါသနည်း၊ ၎င်းပြင် စတုဝိသတိ ပစ္စယကို ကာလအားဖြင့် ဝေဘန်ခဲ့ပါ။

၁၂။ အောက်ပါဂါထာ၏ အဓိပ္ပါယ်ကို ရှင်းလင်းခဲ့ပါ။

သေဇံတိပါကံ တိကြိယံ၊ စတုရူပဉ္စ သေဇိနော၊
တိပုညဲ ကာမပုညဿ၊ သေဇဿ မိပတိ ဗ္ဘဝေ၊
ဥတ္တရာ ဝိယုတ္တာဒ္ဒန်၊ နိဗ္ဗာနံ ဥတ္တရဿတု၊

၁၂၈ - ခု၊ ပဋ္ဌာန်း အဖြေများ

၁။ အနက်ပေး လွယ်ပါသည်။
ဝိပါကာ (ပ) အရူပိနော,ဟူသော ကတ္တားပုဒ်ဖြင့် သုံးပါး သုံးပါး သော ဝိပါက် နာမက္ခန္ဓာအား တပ်သော တပါး တပါးသော ဝိပါက် နာမက္ခန္ဓာ တပါး တပါးသော (လ) သုံးပါး သုံးပါးသော ဝိပါက် နာမက္ခန္ဓာ ၂-ပါး ၂-ပါး သော (ပ) ၂-ပါး၊ ၂-ပါး။ ။ ။ ။ ပစ္စည်းတရားကို ပြတော်မူ၏။

အညမညံ,ဟူသော သမ္ပယုတ္တပုဒ်ဖြင့် သုံးပါး၊ သုံးပါး သော ဝိပါက် နာမက္ခန္ဓာ၊ ၁-ပါး ၁-ပါးသော ဝိပါက် နာမက္ခန္ဓာ ၂-ပါး ၂-ပါးသော ဝိပါက်နာမက္ခန္ဓာ ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

၂။ (က) နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ထင်ရှားရှိသော်လည်း၊ ခဏတ္တယပ္ပတ္တ ကာလဝန္ဓတရား မဟုတ်သော ကြောင့် အတ္ထိပစ္စည်း မတပ်ပါ၊ (ခဲ့ညီးအုံ)၊ ခဏတ္တယပ္ပတ္တ ပစ္စုပ္ပန်ကာလိက ပစ္စက္ခန္ဓာ တရားတို့ကိုသာ အတ္ထိပစ္စည်းဟု ဆိုရာ နိဗ္ဗာန်သည် ခဏတ္တယပ္ပတ္တ တရားလည်း မဟုတ်၊ ပစ္စုပ္ပန္နကာလိက ကာလဝန္ဓ တရားလည်း မဟုတ်သောကြောင့် အတ္ထိပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

(ခ) အကြောင်းပစ္စည်း တရားကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားကို (၀၊) မိမိဆိုင်ရာ ဆိုင်ရာ

အကြောင်း ပစ္စည်းတရား၏ ကျေးဇူးအပြုကို ခံရသော အကျိုးတရားကို ပစ္စယုပ္ပန် ထုတ်အပ်ပါသည်။

၃။ (က) ဟေတု ပစ္စည်းနှင့် သဘာဝဖြစ်သော ပစ္စည်းများမှာ အဓိပတိ သဟဇာတ အညမည နိဿယ ဝိပါက ဈာန်ယ မဂ္ဂ သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၁၁)ပစ္စည်းများ ဖြစ်ပါသည်။

(ခ) သဟဇာတ ပစ္စည်းနှင့် သဘာဝဖြစ်သော ပစ္စည်းများမှာ အညမည နိဿယ ဝိပါက သမ္ပယုတ္တ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ(၇)ပစ္စည်း။

(ဂ) အာသေဝနနှင့် သဘာဝ ဖြစ်သော ပစ္စည်းများမှာ အနန္တရ သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ ၅-ပစ္စည်း ဖြစ်ပါသည်။

၄။ ရူပ်အာဟာရ ပစ္စည်းခု ဗဟိဒ္ဓသန္တာန်ခု ဥတုဇ သြဇာသည် အာဟာရဇရူပ်အား ဇနကသတ္တိ၊ ကြွင်းသော တိဇရူပ်အား ဥပထမ္ဘက၊ တိဇသြဇာသည် စတုသမုဋ္ဌာနိက ရူပ်အား ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

တနည်း,, ကလာပ်တူအား ဇနကသတ္တိ၊ ကလာပ်ပြားအား ဥပထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၅။ ဈာန်ယပစ္စည်းခု ၊အစိုးရပုံမှာ နာမ်ဈာန်ဇော တရားကိုယ်ရှစ်ပါးသည် အသီးအသီး မိမိနှင့် သဟဇာတ် ဖြစ်သော

ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ် တို့ကို အစိုးရပါသည်။ ရုပ်ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် ကြည်သော ကလာပ်တူ ကမ္မဇရုပ်တို့ကို အစိုးရပါသည်။ ပဋ္ဌဝတ္ထုရုပ်သည် ပဋ္ဌဝိညာဏ ဓါတ်ကို အစိုးရပါသည်။

နာမ်ဂျာန်ဒြေ တရားကိုယ် ၈-ပါးသည် ဂျာန်ယပစ္စည်း ဖြစ်ပါသည်၊ စိတ်တခုယုတ်ကိုးဆယ် ၊ စေတသိက် ဒ္ဒေပညာသ စိတ္တဇရုပ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ်သည် ပစ္စယုပ္ပန်တရား ဖြစ်ပါသည်။

၆။ အာဝရမ္မဏ(၈)မျိုး

အာဝရမ္မဏ အဓိပတိ နိဿယ ဥပနိဿယ ပုရေဇာတ ဝိပ္ပယုတ္တ၊ အတ္ထိ အဝိဂတ ပစ္စည်းမျှား ဖြစ်ပါသည်။

စတုဝေါကာရဘုံ၌ ဖြစ်သင့်သော ပစ္စည်းမျှားမှာ ပုရေဇာတ ပစ္စည်း၊ ဝိပ္ပယုတ္တ ပစ္ဆာဇာတမှ တပါး ကျန် ၂၁ - ပစ္စည်း ဖြစ်သင့်ပါသည်။

၇။ ပစ္ဆာဇာတ ပစ္စည်းသည် ပစ္စည်းတရား ပထမဘုံ စသည် မဖြစ်မီ ဧကဇကာယ ၊ ဒ္ဝိဇကာယ၊ တိဇကာယ အာဟာရဇရုပ် ဖြစ်သောအခါ စတုဇကာယ ပစ္စယုပ္ပန် တရားတို့အား ပစ္ဆာဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု ပါသည်၊ ဥပမာအားဖြင့် သားသို့မိုးပေါက်ဘူးစ လင်းတ မိခင်သည် သားသို့မိုးငယ် လင်းတကလေးများက ဆာ လောင်မွတ်သိပ်၍ အစာအာဟာရ တောင်းသောအခါ

"သားငယ် သမီးငယ်တို့ နက်ဖန်ရောက်လျှင် အစာ အာဟာရဖြစ်သော ခွေသားတို့ကို ချီဆောင်၍ ယူခဲ့ပါမည် အေးအေးနေကြပါ"ဟု မိခင်က ပြောသောအခါ လင်းတကလေးတွေသည် နက်ဖန် စားရလိမ့်မည်ဟု အောက်မေ့ပြီး ဆာလောင်မွတ်သိပ်ခြင်း ပြေပျောက်၏။

ဤ ဥပမာအတိုင်း မစားရသေးသော ခွေးသားက လင်းတငယ်၏ ဆာလောင်မွတ်သိပ်ခြင်း ပြေပျောက်အောင် ကျေးဇူးပြုသလို ထိုအတူ မဖြစ်သေးသော ပထမဘဝင် စသည်က ပဋ္ဌိသန္ဓေဥပါဒ်ကစ၍ ဖြစ်သော ဧကဇကာယ စသည်အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါသည်။

တနည်းအားဖြင့် ရှင်ဗာကူလတို့ ငါးမျိုသောအခါ ငါး၏ ဝမ်းထဲမှာ မသေဘဲ နေခြင်းသည် မဖြစ်သေးသော အရတ္တမဂ် အရဟတ္တဖိုလ်ကံ ကျေးဇူးပြုထားသဖြင့် ငါးမျိုသော်လဲ မသေဘဲ ရဟန္တာ ဖြစ်နိုင်သော ဥပမာကိုလဲ ဆောင်နိုင်၏၊ ထိုပြင် သံကိုဥသာမဏေ ရှင်ဒဗ္ဗ ရဟန္တာတို့ကိုလဲ ဥပမာ ဆောင်နိုင်ပါလည်း။

၇။ ဟေတု ပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူသည်၏ အခြားမဲ့ဌ် အာရမ္မဏ ပစ္စည်း၏ ဝိဘင်္ဂဝါရကို ဟောတော်မူ၏၊ ထိုဌ် တုံသော်လည်း ကုသလပဒ အကုသလပဒ အဗျာကတပဒ အားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင်

ကုသလ ပဒကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဌ္ဌ တုံသော်လည်း ကုသလ ပဒါဝသာန၊ အကုသလ ပဒါဝသာန အဗျာကတ ပဒါဝသာနအားဖြင့် သုံးပါးအပြားရှိ၏၊ ထိုတွင်ကုသလ ပဒါဝသာနကို ရှေးဦးစွာ ဟောတော်မူ၏၊ ထိုဌ္ဌတုံသော်လည်း ဝိဓိအနုဝါဒအားဖြင့် ၂ - ပါး အပြားရှိ၏၊ ထိုတွင် ဝိဓိကို ရှေးဦးစွာ ဟောတော်မူ၏။

၉။ အာရမ္မဏ ပစ္စယေန,ဟူသော ကရိုဏ်းပုဒ်နှင့် တပြိုင်နက်ယထာရဟ တပ်ကောင်းသော ပစ္စည်းမျှားမှာ အာရမ္မဏ အာရမ္မဏာ ဓိပတိ အာရမ္မဏူပနိဿယ။

၁၀။ ဒါနံ ဒတ္တာ တံ ပစ္စဝေက္ခတိဌ္ဌ ဒါနံအရ အနုပါန အစရှိသော ဒါနဝတ္ထု စေတနာ ရပါသည်။

ဒတ္တာ တံအရ ပရိစ္စာဂ စေတနာ၊ ဝိသောဓန စေတနာ ပြဋ္ဌာန်းသော ကာမကုသိုလ်ရပါသည်။

ပစ္စဝေက္ခတိ အရ ဆင်ခြင်သောကာမကုသိုလ် ရပါသည်။

ဝိထိစိတ်ဖြစ်ပုံ, အနုပါနစသော ဒါနဝတ္ထုကို လှူလိုလတ်သော် ထိုဒါယကာ၏ ပဋိသန္ဓေစိတ်နှင့် တူသော စိတ်သည် ကံ ကမ္မ နိမိတ် ဂတိနိမိတ်အားဖြင့် ၃ - ပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်္ဂ ပဋ္ဌေ ဒဟု ဘွင်ကိစ္စဖြစ်၍ ချုပ်၏၊ ထိုနောင် ဒါနဝတ္ထုကို ဆင်

ခြင်တတ်သော မနောဒ္ဓါရုဝဇ္ဇန်း၊ ထိုနောင် မဟာကုသိုလ် ၈- ခုတို့တွင် တခုခုသည် (၇) ကြိမ်ဖြစ်၍ ချုပ်၏၊ ထိုနောင်ဝိဘူတာရုံ ဝီထိဖြစ်အုံ့၊ တဒါရုံ ၂- ကြိမ် ထိုနောင် ကာမဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၏၊အဝိဘူတာရုံ ဝီထိ ဖြစ်အုံ့ ပဥ္စဝေါကာရဘွင် ၁၅- ခုတို့တွင် တခုခုသည် ဘုင်စိတ်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏၊ ဤစိတ္တုပ္ပါဒ်တို့ဖြင့် အနုပါန အစရှိသော ဒါန ဝတ္ထုကို လှူ၏၊ ထိုနောင် ထိုဒါန ဝတ္ထုကို အာရုံပြု၍ တဒနုဝတ္တက မနောဒ္ဓါရ ဝီထိတို့ ဖြစ်ကုန်၏။

၁၁။ ဟေတုပစ္စယောဘ္ဒ ဟေတုနှင့် ပစ္စယအထူး (ပဋ္ဌာန်း အဌကထာ အလို တူပါသည်)။

ဟေတု သဒ္ဒါသည် အကြောင်း ဝိသေသဘ္ဒ ဖြစ်၍၊ ပစ္စယ သဒ္ဒါသည်အကြောင်း သာမညဘ္ဒ ဖြစ်ပါသည် ဤသို့ ထူးကြပါသည်။

ဣမပန ကာရဏာ ဝိသေသ ဝိသယော ဟေတု သဒ္ဒေါ၊ ကာရဏာ သာမညဝိသယော ပစ္စယ သဒ္ဒေါ။

(မဏိသာရ မဋ္ဌသာဒ္ဒီကာ)

၂၄- ပစ္စည်းကာလဖြင့် ဝေဘန်ပုံ သည် ၁၃၁၅- ခု- နယုန်လ ပထမပိုင်း ၅- နံပါတ် အဖြေနှင့် တူပါသည်။

၁၂။ သေဇံ တိပါကံ တိကြိယံ၊ စတုရူပဉ္စ သေဇိနော, အဓိပ္ပါယ် သေဇံအရ၊ လောဘမူစိတ် ၈ - ခု ပစ္စည်း တရားကရင်း တိပါကံအရ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ် သော ကာမဝိပါက် - ၂၂ မဟဂ္ဂုတ်ဝိပါက် ၉ - ခု ပစ္စည်း တရားကရင်း တိကြိယံအရ ကာမရူပ အရူပ ကြိယာ ၁၈ - ခု ပစ္စည်းတရားကရင်း စတု ရူပ်အရ ကံစသော အကြောင်း လေးပါးကြောင့် ဖြစ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ပစ္စည်း တရားကရင်း သေဇိနော, အရ လောဘမူ ၈ - ခုပစ္စယုပ္ပန် တရားအား အာရမ္မဏာ ဓိပတိ သတ္တိဖြင့် ကျေးဇူးပြုပုံကို ပြပါသည်။

တိပုည် ကာမပုညဿ သေဇဿာဓိပတိ ဘဝေ, အဓိပ္ပါယ် တိပုည်အရကာမရူပ အရူပကုသိုလ် ပစ္စည်း တရားက ကာမပုညဿအရ ကာမကုသိုလ်စိတ် ၈ - ခု ပစ္စယုပ္ပန် တရားအားရင်း၊ သေဇဿအရ လောဘမူစိတ် ၈ - ခု ပစ္စယုပ္ပန်တရားအားရင်း အာရမ္မဏာ ဓိပတိ သတ္တိ ဖြင့် ကျေးဇူးပြုပုံ ကို ပြပါသည်။

ဥတ္တရာဝိယုတ္တဒုန်ဠာ ဥတ္တရံအရ လောကုတ္တရာ ၉ - ပါး ပစ္စည်းတရားက အဝိယုတ္တဒုန်ံအရ မဟာကုသိုလ် ဥာဏ သမ္ပယုတ် မဟာကြိယာ ဥာဏ သမ္ပယုတ် ၈ - ခုအား အာရမ္မဏာ ဓိပတိ သတ္တိဖြင့် ကျေးဇူး ပြုပုံ ကို ပြပါ သည်။

နိဗ္ဗာနံ ဥတ္တရသာတု, ဒ္ဒ နိဗ္ဗာနံအရ နိဗ္ဗာန် ပစ္စည်း တရားဟု ဥတ္တရသာတုအရ လောကုတ္တရာစိတ် (၈) ခု ပစ္စယုပ္ပန် တရားအားလုံး မဟာကုသိုလ် မဟာကြိယာ ဥာဏသမ္ပယုတ် ၈-ခုအားလုံး အာရမ္မဏာ ဓိပတိ သတ္တိ ဖြင့် ကျေးဇူးပြုပုံကို ပြပါသည်။

၁၂၇-ခု အမျိုးသား ပရိယတ္တိ စာမေးပွဲ ပဋ္ဌာန်းမေးခွန်

ပထမကြိမ် ကျော်တန်း

.....o.....

၁။ ဟေတု ပစ္စယောတိ ဟေတု ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံ၊တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ဟေတု ပစ္စယေန ပစ္စယော ဤပါဠိတော်ကို အဋ္ဌယော ဇနာပြုပြီးလျှင် ကတ္တာဝေါဒ် သမ္မဒါန်ပုဒ်အရ ကောက်ပြခဲ့ပါ။

၂။ နိဗ္ဗာန်သည် အဘယ်ကြောင့် ပကတူပနိဿယ ပစ္စည်း မတပ်ပါ သနည်း၊ ၎င်းပြင်မည်သည့် ဓမ္မမျိုးကို ပစ္စနိက် ထုတ်ရပါသနည်း။

၃။ သခ်္ခါဝါရဒ္ဒ ဟေတုယာနဝ, ကို အနက်သမ္မန်၍ နဝ, အရ ထုတ်ပြခဲ့ပါ။

၄။ အာသေဝန ပစ္စည်းဌ္ဌ အဆုံးဇော မဂ်ဇော ကြဉ်ရခြင်း၏ အကြောင်းကို ရေး၍ ၎င်း၏ ပစ္စည်း ပစ္စယုပ္ပန် ၂-ပါးကို ထုတ်ခဲ့ပါ။

၅။ အောက်ပါ ပေလျှာလကို ဖေါ်ထုတ်ခဲ့ပါ။

ပုစ္ဆာဝါရကို ဟောတော်မူသည်၏ အခြားမဲ့ဌ္ဌ (လ) ဝိဘင်္ဂဝါရကို ရှေးဦးစွာ ဟောတော်မူ၏။

၆။ ဆဝါရဌ္ဌ ပစ္ဆာဇာတကို မဟောခြင်း၊ ဣတ္ထိန္ဒြေကို ဣန္ဒြိယ ပစ္စည်း မတပ်ခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

၇။ ကုသလံ ဧကံ ခန္ဓံပဋိစ္စ တယောခန္ဓာ,, ဣဒ္ဓိအနုဝါဒ ပါဋိတော်ဌ္ဌ ဧက က လေးဝါဒ ရရုံ ဝေဘန်ပါ။

၈။ (က) ပစ္စည်း ပစ္စယုပ္ပန် နာမ်ဖြစ်သော ပစ္စည်း။
(ခ) ။ ။ ရူပ်ဖြစ်သော ပစ္စည်းသရုပ်ကို ထုတ်ဖေါ်ပြခဲ့ပါ။

၉။ ဥတုဇရူပ်သည် ကမ္မဇရူပ်ကို ဖြစ်စေနိုင်မည်လော။ ဖြစ်စေနိုင်လျှင် အဘယ်ပစ္စည်း တပ်မည်နည်း အကြောင်းနှင့်တကွ ပေါ်လွင်အောင် ရေးပါ။

၁၀။ သဟဇာတာ ဓိပတိ ပစ္စည်းဌ္ဌ ပစ္စည်း ပစ္စယုပ္ပန်(၂)ပါးကို ထုတ်၍ပြခဲ့ပါ။

အကျော်သာ

၁၁။ သေက္ခာ ဂေါတြဘုံ ပစ္စဝေက္ခဏ်, ၌ ဝိထိချုပြီး ပစ္စည်း တပ်၍ ပြခဲ့ပါ။

၁၂။ ပဋ္ဌာန်းပစ္စည်း၊ ဆုမ်းပစ္စည်း၊ သဒ္ဒါပစ္စည်း သုံးမျိုးကို ဝစနတ္ထပြု၍ ပြခဲ့ပါ။

၁၂၇-ခု ပဋ္ဌာန်းအဖြေ

၁။ အနက်ပေး ပေါ်လွင်ပါသည်။

ဟေတု ဟူသော ကတ္တားပါဌ်ဖြင့် ဟိတ်(၆)ပါး ပစ္စည်း တရားကို ပြတော်မူ၏၊ ဟေတု(ပ) ရှုပါနှ,, ဟူသော သမ္မဒါန်ပါဌ်ဖြင့် သဟိတ်စိတ် ကေသတ္တတိ မောဟမူ ဒ္ဒေ၌ မောဟကြဉ်သော စေ ဒ္ဒေ ပညာသ သဟိတ် စိတ္တာဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

၂။ နိဗ္ဗာန်သည် သဒ္ဓါသီလ စသည်တို့ကဲ့သို့ နိပ္ဖါဒိတ အကြောင်းလည်းမဟုတ် ဥတုဘောဇဉ် စသည်တို့ကဲ့သို့ ဥပသေဝိတ အကြောင်းလည်း မဟုတ်သောကြောင့် ပကတူပ နိဿယ ပစ္စည်းမတပ်ပါ။

ပစ္စယုပ္ပန္နဓမ္မမှ လွတ်သောတရားတို့ကို ပစ္စနိုက် ထုတ်ရပါသည်။

၃။ ဟေတုယာ ဟေတုပစ္စယော၊ ဟေတုပစ္စည်းခ၌။နဝ၊ကိုးပါး ကုန်သော။ဝိသင်္ခရာနိ၊အဖြေတို့ကို။လဗ္ဘန္တိ၊ရအပ်ကုန်၏။

နဝ,အရသည် ၁၃၀၀-ခုနှစ် ဒုတိယပိုင်း ၁-နံပါတ် အဖြေနှင့် တူပါသည်။

၄။ အာသေဝနပစ္စည်းခ၌ အဆုံးဇော မဂ်ဇောသည် ပစ္စည်း မဖြစ် ပစ္စယုပ္ပန်သာ ဖြစ်သောကြောင့် ကြဉ်ရပါသည်။ (အာသေဝန၏ ပစ္စည်း ပစ္စယုပ္ပန် တရားများသည် ထင်ရှားပါသည်။)

၅။ အဖြေသည် ၁၃၁၂-ခု ပထမပိုင်း ပုဋ္ဌာ နံပါတ်-၄၊ အဖြေနှင့်တူပါသည်။

၆။ ဆဝါရခ၌ ပစ္ဆာဇာတ ပစ္စည်းသည် မိမိပစ္စယုပ္ပန် ဖြစ်သော စတုဇကာယအား ဥပထမ္ဘက သတ္တိဖြင့်သာ ကျေးဇူးပြု၍ ဇနက သတ္တိဖြင့် ကျေးဇူး မပြုသောကြောင့် မဟောပါ။

တနည်း ပစ္ဆံ့ဇာတ ပစ္ဆည်းသည် ရုပ်၏ ဥပါဒ်ဆဲခဏ၌ ကျေးဇူးမပြု ဌိခဏသို့ရောက်မှ ကျေးဇူးပြုသောကြောင့် ဥပဇ္ဇတိ ကြိယာနှင့် မတန်၍ မဟောပါ။

ကလလ ကာလစသည်တို့၌ ဣတ္ထိလိင် ထင်ရှားမရှိ မဖြစ်သောကြောင့် ဣတ္ထိနေ့ကို ဣန္ဒြိယ ပစ္စည်း တပ်၍ မဟောပါ။

၇။ ကုသလံ ကေ၊ ခန္ဓံ ပဋိစ္စ တယောခန္ဓာ ဟူ၍ ဟောတော်မူအပ်သော အနုဝါဒ၌ ကုသလံကေ၊ ခန္ဓံအရ ဝေဒနက္ခန္ဓာယူ၍ တယောခန္ဓာအရ သညာခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာယူ၍ တဝါ။

ကုသလံ ကေ၊ ခန္ဓံအရ သညာက္ခန္ဓာယူ၍၊ တယောခန္ဓာအရ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဝေဒနက္ခန္ဓာ ယူ၍ တဝါရ။

ကုသလံ ကေ၊ ခန္ဓံအရ သင်္ခါရက္ခန္ဓာယူ၍ တယောခန္ဓာအရ ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ ယူ၍ တဝါရ။

ကုသလံကေ၊ ခန္ဓံအရ ဝိညာဏက္ခန္ဓာယူ၍ တယောခန္ဓာအရ၊ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ယူ၍ တဝါရ ဤသို့လျှင် ကေ က လေးဝါရ ဖြစ်ပါသည်။

၈။ ပစ္စည်း ပစ္စယုပ္ပန် နာမ်ဖြစ်သော ပစ္စည်းမျှားမှာ အနန္တရ သမနန္တရ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ၊ ပစ္စည်းမျှား ဖြစ်ပါသည်။

ပစ္စည်း ပစ္စယုပ္ပန်ရုပ် ဖြစ်သော ပစ္စည်းမျှားမှာ ရုပ်အာဟာရ ရူပဇီဝိ တိန္ဒြိယ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရ အဝိဂတ ပစ္စည်းမျှားဖြစ်ပါသည်။

၉။ ဥတုဇရုပ်သည် ကမ္မဇရုပ်ကို ဖြစ်စေနိုင်ပါသည်။
ရုပ်အာဟာရ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရ အဝိဂတ ပစ္စည်းတပ်ပါသည်၊ သြဇာပစ္စည်းတရားက ကလာပ်တူကလပ်ပြား ဖြစ်သော စတု သမုဋ္ဌာနိက ရုပ်အားကျေးဇူးပြု (၀၊) ဖြစ်စေနိုင်သောကြောင့် ဥတုဇ သြဇာသည်လည်း ကမ္မဇရုပ်ကို ဖြစ်စေနိုင်ပါသည်။

၁၀။ သဟဇာတာ ဓိပတိ ပစ္စည်း၏ ပစ္စည်း ပစ္စယုပ္ပန်တရားများ ထင်ရှား ပေါ်လွင်ပါသည်၊ ၂ - ချက်စုအတိုင်းဖြစ်ပါသည်။

၁၁။ သေက္ခာဂေါတြဘုံ ပစ္စဝေက္ခတိဌ် သောတာပန် ပုဂ္ဂိုလ်သည် သောတာ ပတ္တိမဂ်ရှေ့ ဂေါတြဘူကို ဆင်ခြင်လိုလတ်သော်၊ မိမိပဋိသန္ဓေ စိတ်နှင့် ဘူမိ ဇာတိ သမ္ပယုတ္တ ဓမ္မသင်္ခါရအားဖြင့် တူတော ဘင်ကေုနဝိသတ္တိတွင် တခုခုသည် မိမိပဋိသန္ဓေစိတ်၏ အာရုံနှင့်တူသော ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍၊ ဘုဉ် စလန ဘုဉ်ပစ္ဆေဒ ဟု ဘင်ကိစ္စတပ်၍ ချုပ်၏၊ ထိုနောင် သောတာပတ္တိ မဂ်၏ရှေ့ ဂေါတြဘူကို အာရုံပြု၍၊ မနောဒ္ဒါရာဝဇ္ဇန်း၊ ထိုနောင် မဟာကုသိုလ် ရှစ်ခုတို့တွင် တခုခုသည် ပစ္စဝေက္ခဏာဇော (၇) ကြိမ်

ဖြစ်၍ ချုပ်၏။ ထိုနောင် ပဠုဝေါကာရ တိဟိတ်ဘုင် ကိုးခုတို့တွင် တခုခုသည် ဘုင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၍ချုပ်၏။

ထိုသို့ ဖြစ်သောအခါ ဂေါတြဘုံအရ ဖြစ်သော သောတာပတ္တိ မဂ်၏ရှေ့ ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ် ပထမဒွေ၊ တတိယဒွေ၊ ပစ္စည်းတရားက ပစ္စဝေက္ခဏာအရဖြစ်သော ဆင်ခြင်သော မဟာကုသိုလ် ပစ္စယုပ္ပန်အား အာရမ္မဏ ပစ္စည်းတပ်၍ ကျေးဇူး ပြုပါသည်။

၁၂။ (က) ပဋိစ္စ ဖလံ ဧတိ ဧတေသ္မာတိ ပစ္စယော, ဟု ဝိဂြိဟ်ဆို၍၊ အကျိုးပစ္စယုပ္ပန်တရားကို စွဲ၍ဖြစ်ရာ ဖြစ်သောကြောင့် ဟေတုစသော တရားတို့ကို ပစ္စည်း ဟု ခေါ်ပါသည်။

(ခ) ပိတိ ံ ဧတိ ကရောတိ ဧတေနာတိ ပစ္စယော,ဟု ဝိဂြိဟ်ဆို၍ နှစ်သက်ခြင်းကို ပြုကြောင်းဖြစ်သောကြောင့် ဆုမ်းသက်နိုး အစရှိသော ဝတ္ထုတို့ကို ပစ္စည်း ဟု ခေါ်ပါသည်။

(ဂ) ပတိ ဝိသုံ ဝိသုံ အတ္ထေ အယတိ ဂစ္ဆတိ ပဝတ္တတိ တိ ပစ္စယော,ဟု ဝိဂြိဟ် ဆို၍ အသီးအသီး ဂတိ စသော အနက်တို့၌ ဖြစ်တတ်သောကြောင့် ဏ အစရှိသော သဒ္ဒါတို့ကို ပစ္စည်းဟု ခေါ်ပါသည်။

ပထမကြီးတန်း

အမှတ်(၁) ခန့်မှန်း ပဋ္ဌာန်း ပုဋ္ဌာ

.....o.....

၁။ အဓိပတိ ပစ္စည်း၏ ပစ္စယနိဒ္ဒေသဌာ သမ္ပယုတ္တ ခန္ဓာအား သာ တပ်သော ဆန္ဒာဓိပတိ ပစ္စည်းဖြစ်အံ့ ပြိုင်နိုင်သော ပစ္စယ သတ္တိတို့ကို ထုတ်ပြပါ။

၂။ ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယ ပစ္စယေန ပစ္စယော,ဌ် အာရမ္မဏူပ နိဿယ ဖြစ်ခိုက် ကတ္တား သမ္ပဒါန်ပုဒ်အရ တို့ကို ကောက်ပြပါ။

၃။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ အဓိ ပတိ ပစ္စယာ,ဌ် ကတ္တားပုဒ်အရ ကောက်ပြခဲ့ပါ။

၄။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ, ဟူသော ဝိဓိဝယ် ရုပ်သက်သက်ဌ် ကတ္တားပုဒ်အရ ပဋ္ဌိသန္ဓေအခါ ဟိတ်ပါဌ် အရတို့ကို ပေါ်ပြခဲ့ပါ။

၅။ ကုသလဉ္စ အဗျာကတဉ္စ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ သဟဇာတ ပစ္စယာ,ဌ် ဝိဓိ၏ အနုဝါဒ ပါဠိကို ထုတ်ပြ၍ ဟိတ်ပါဌ်အရကိုသာ ကောက်ပြခဲ့ပါ။

၆။ အောက်ပါတို့၏ အဓိပ္ပါယ်ကို ရှင်းလင်းခဲ့ပါ။

(က) ဗာဟိရရုပ်၊ (ခ) အာဟာရဇရုပ်၊
(ဂ) ဥတုဇရုပ်၊ (ဃ) ပဝတ္တိ ကမ္မဇရုပ်,

၇။ မဂ္ဂေါ ဖလဿ၌ မဂ္ဂအရ ဖလဿအရ တို့ကို ကောက်ပြ၍ မဂ္ဂေါအရက ဖလဿအရအား မည်မျှသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသနည်း။

၈။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာသေ ဝန ပစ္စယေန ပစ္စယောဒ္ဓ ကတ္တာဝေါဒ္ဓ သမ္ပဒါန်အရတို့ကို (သမာပဇ္ဇနဝိထိ)ဆိုင်ရာမျှ ကောက်ပြပါ။

၉။ အတ္ထိပစ္စည်း၏ ဘေဒကို သာဓကပြ၍ ထုတ်ပြခဲ့ပါ။

၁၀။ ပဋ္ဌာဝါရ၊ အနုလုံသခ်္ပါဝါရ ဟေတုမူ အဓိပတိ ဒုက အနုလောမ ပစ္စနိုက် ပစ္စည်းတွန်းပုံ ကို ဖော်ပြခဲ့ပါ။

တပုဏ္ဏာလျှင် (၁၀)မှတ်။

ပထမကြီးတန်း အမှတ် (၁) ခန့်မှန်း ပဋ္ဌာန်း ဝိသဇ္ဇနာ

၁။ အဓိပတိ ပစ္စည်း၏ ပစ္စယနိဒ္ဒေသ၌ သမ္ပယုတ္တခန္ဓာအား သာ တပ်သော ဆန္ဒာဓိပတိ ပစ္စည်းဖြစ်အံ့ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အ ဝိ ဂ တ ဤ (၆) ပစ္စယ သတ္တိတို့သည် ပြိုင်ကုန်၏။ (အဓိပတိပါ ၇ - ပစ္စည်း)။

၂။ အာရမ္မဏူပနိဿယ ဖြစ်အံ့ ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ, ဟူသော ကတ္တားပါဌ်၊ အလေးအမြတ်ပြုတတ်သော မဟာကြီယာ ဥာဏသမ္ပယုတ် လေးခုအား တပ်သော အရဟတ္တဖိုလ် နိဗ္ဗာန်၊ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန် ပစ္စည်းတရားကို ပြတော်မူ၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် အလေးအမြတ် ပြုတတ်သော မဟာကြီယာ ဥာဏသမ္ပယုတ် လေးခု၊ ဖိုလ်လေးခု၊ ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

၃။ ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ်စိတ်(၈)ခု၊ ကေန်ရသော မဟဂ္ဂုတ် ကုသိုလ် ကိုးခု၊ မဂ်လေးခု၊ စေ အဘူတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိ တရားကိုယ်ကြည်သော မဟာကုသိုလ် (၈)ခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု၊ စေ အဘူတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။

၄။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာဝယ် ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား

၁၃၀၉ - ခုနှစ် ပထမအခါန် ပုစ္ဆာနံပါတ် (၁) အဖြေ ရုပ်သက်သက်နှင့် တူပါသည်။

ပဋ္ဌိသန္ဓေအခါ ဟေတုပစ္စယာ ဟူသော ဟိတ်ပါဠိ၏ အရကား သမ္မယုတ္တ ခန္ဓာအားလုံး၊ (စတုဝေါကာရကို ရည်သည်) သမ္မယုတ္တခန္ဓာ ကဋတ္တာရုပ်အားလုံး၊ (ပဉ္စဝေါကာရကို ရည်သည်) တပ်သော သဟိတ် ပဋ္ဌိသန္ဓေ သတ္တရသ၊ စေ ပဉ္စတိ ံသ၊ စိတ္တက္ခဏ တခုတခုဟု ရှိသော ဒွိဟိတ်အုံ့ အလောဘ၊ အဒေါသ၊ တိ ဟိ တ် ဖြ စ် အုံ့ အလောဘ၊ အဒေါသ၊ အမောဟ ဤ ဟိတ် ၂ - ပါး ၃-ပါး ပစ္စည်းတရားတို့၏ ဟေတုသတ္တိ ရှိ၏။

၅။ ကုသလေ ခန္ဓေစ မဟာဘူတေစ ပဋ္ဌစ္စ စတ္တာသမုဋ္ဌာန ရူပံ၊ (အနုဝါဒ)

သဟဇာတ ပစ္စယာ, ဟူသော ‘ ဟိတ်ပုဒ်၏ အရကား စိတ္တဇရုပ်အား တပ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ကုသိုလ် ဧကဝိသ စေ အဌတိ ံသ အစိတ်အပေါင်း နာမကွန္ဓာ အချင်းချင်းအားလုံး၊ ဥပါဒါရုပ်အားလုံး၊ တပ်သော မဟာဘုတ်လေးပါး ပစ္စည်းတရားတို့၏ သဟဇာတ သတ္တိ ရှိ၏။

၆။ (က) ဗာဟိရရုပ် ဟူသည် တော တောင် မိုးယံ မြေ အစရှိသော အနိန္ဒြိယ ဗဒ္ဓ ဖြစ်သော ဥတုဇရုပ် ဖြစ်ပါသည်။

ဗာဟိရံ ကေ၊ မဟာဘူတန္တိ အနိန္ဒြယ ဗဒ္ဓေသု ပထဝီ ပါသာဏာ ဒီသု မဟာဘူတံ သန္ဓာယ ဝုတ္တံ။ (ပဋ္ဌာန်း အဋ္ဌကထာ)

(၁) အာဟာရဇရုပ် ဟူသည် အဋ္ဌတ္ထ သန္ဓာန်၌ ဖြစ်သော စတု သမုဋ္ဌာနိက သြဇာကြောင့်ဖြစ်သော အာဟာရဇ အဋ္ဌကလာပ် အစရှိသည်တည်း။

(၂) ဥတုဇရုပ် ဟူသည် အဋ္ဌတ္ထ သန္ဓာန်၌ဖြစ်သော စတု သမုဋ္ဌာနိက တေဇောကြောင့်ဖြစ်သော ဥတုဇ အဋ္ဌကလာပ် စသည်တည်း။

(ဃ) ပဝတ္တိကမ္မဇရုပ် ဟူသော ပဝတ္တိအခါ၊ ကံကြောင့် ဖြစ်သော ရုပ်။

"

၇။ မဂ္ဂေါ ဖလဿ ဘ၌ မဂ္ဂေါအရ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တပ်သော မဂ်လေးခု ပစ္စည်းတရား ရ၏။

ဖလဿ အရ ဖိုလ်လေးခု ပစ္စယုပ္ပန်တရား ရ၏။ မဂ်လေးခု စေတနာ ပစ္စည်းတရားက ဖိုလ်လေးခု ပစ္စယုပ္ပန်တရားအား အနန္တ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ (၆)ပစ္စယသော သတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

၇။ အဗျာကတော (၄) အာသေဝန ပစ္စယေန ပစ္စယော,ဌ် (သမာပဇ္ဇနဝိထိ)ဆိုင်ရာ အဗျာကတော ဓမ္မော,ဟူသော ကတ္တားပုဒ်၏ အရကား နောက်နောက်သော မဟဂ္ဂုတ် ကြိယာ ကိုးခုအား တပ်သော ရှေးရှေးသော ဇောတူ မဟဂ္ဂုတ်ကြိယာ ပစ္စည်းတရား ရ၏။

အဗျာကတသော ဓမ္မသော ဟူသော သမ္ပဒါန်ပုဒ်၏ အရကား နောက်နောက်သော မဟဂ္ဂုတ်ကြိယာ ဒုတိယာဒိ ဇော ပစ္စယုပ္ပန်တရား ရ၏။

၉။ အတ္ထိ ပစ္စည်းသည် သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပ အာဟာရတ္ထိ၊ ရူပ ဇီဝိတိန္ဒြိယတ္ထိ အားဖြင့် (၅)ပါး အပြားရှိပါသည်။

သာဓက ။ ။ အဗျာကတော ဓမ္မော အဗျာကတသော ဓမ္မသော အတ္ထိပစ္စယေန ပစ္စယော သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ၊ (ပဋ္ဌာန်းပါဠိတော်)

သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတဉ္စ သဗ္ဗထာ ကဗဠီ ကာရော အာဟာရော၊ ရူပ ဇီဝိတ မိစ္စယန္တိ။ (သင်္ဂဟ ပစ္စည်းပိုင်း)

ပဋ္ဌဝိဓေါ ဟောတိ အတ္ထိ ပစ္စယော၊အဝိဂတ ပစ္စယောစ။

မှတ်ချက် ။ ။ ပုရေဇာတ သည် ဝတ္ထု ပုရေဇာတတ်၊ အာရမ္မဏ ပုရေဇာတတ် ၂ - မျိုးရှိ၍ တနည်းအားဖြင့် အတ်ဲ (၆)မျိုး ရှိပါသည်။

၁၀။ သမ္မယုတ္တ ခန္ဓာ၊ သဟတ စတ္တာဇရုပ်၊ သဟတ ပဋ္ဌာသန္နေ ကမ္မဇရုပ်အား တပ်သော ဝိမံသာဓိပတိမှတပါး ဟိတ် (၆)ပါး။ (အဓိပတိပစ္စည်း မတပ်ခိုက်) အမောဟကို ယူ၍ ခြောက်ပါး ဤတရားတို့သည် ဟေတု ပစ္စည်းသာ တပ်၍ အဓိပတိပစ္စည်း မတပ်သောကြောင့် အဓိပတိ ပစ္စည်း တွန်း၍ စင်ကုန်၏။ ထိုကြောင့် ထိုတရားတို့ကို အနုလောမ ပစ္စနိုက်၌ ဟေတုပစ္စယာ နာဓိပတိယာ သတ္တ ဟု သချ၏တပ်၍ ပေါ်အပ်ကုန်၏။

ပထမကြီးတန်း အမှတ်(၂) ခန့်မှန်း ပဋ္ဌာန်း ပုစ္ဆာ

.....o.....

၁။ ရှေးရှေးသော ကုသိုလ်တို့သည် နောက်နောက်သော အကုသိုလ်အား ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုရာ၌ အာရမ္မဏူပ ဖြစ်အံ့ ကတ္တား၊ သမ္ပဒါန်၊ ကရိဏားပါ၌တို့ ဖြင့် ပြုပုံနှင့်တကွ ကေသဉ္စိ, ဟု၍ ပေါတော်မူခြင်း၏ အကြောင်းကို ရေးခဲ့ပါ။

၂။ မည်သည့်သြဇာသည် မည်သည့်ရုပ်အား (အာဟာရ ပစ္စည်း၏) မည်သည့် သတ္တိဖြင့် ကျေးဇူးပြုပါသနည်း။ ဖြစ်သင့်သမျှ ယှဉ်တွဲ၍ပြပါ။

၃။ ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ, ဟူသော ပါဠိ၌ ဟိတ်ပါဠိ မထည့်ဘဲ အနက် ယောဇနာပြီးလျှင် ၎င်းပါဠိ ပါသော ပစ္စည်းတို့၏ သဒ္ဒါကို ထုတ်ပြပါ။

၄။ ပဋ္ဌိစ္စဝါရ အဓိပတိ ပစ္စည်း၏ အဗျာကတေန အဗျာကတံ ဝိဘင်းတွင် ရုပ်သက်သက်၌ ကတ္တားပုဒ်၏ အရကို ကောက်ပြီးလျှင် ပုရေဇာတ၏ ကုသလေန ကုသလံ ဝိဘင်း၌ ဝတ္ထုံ ပုရေဇာတ ပစ္စယာ, ဟူသော ပါဠိကို အနက်မှန်မှန် သမ္မန်ခဲ့ပါ။

၅။ ပဋ္ဌိစ္စဝါရ ဝိပဿယုတ္တ အဗျာကတေန အဗျာကတ ဝိဘင်းတွင် ပဋ္ဌိသန္ဓေအခါ၌ ဟိတ်ပါဠိ၏အရကို ကောက်ပြခဲ့ပါ။

၆။ ဆဝါရ တည်းဟူသော ဝါရ ခြောက်ပါး တွင် အရသဘောတူသော ဝါရများကို ယှဉ်တွဲပြု၍ နိဿယဝါရ၌ အဘယ်သို့သော တရားများကို နိဿာယ၏(ကုသလံ ဓမ္မံ နိဿာယ စသည်ဖြင့်) ကံ ပြု၍ဟော၎သည်ဟု ညွှန်ပြခဲ့ပါ။

၇။ ပဠာဝါရ အညမည ပစ္စည်း၏ အဗျာကတော အဗျာကတဿ ဝိဘင်းတွင် ပဋ္ဌိသန္ဓေအခါ၌ ကတ္တား၏အရ သမ္ပဒါန်၏ အရတို့ကို ကောက်ပြခဲ့ပါ။

၈။ ဇနကသတ္တိ ဥပ ထမ္ဘကသတ္တိ ၂-မျိုးရှိရာ ပစ္ဆာဇာတသည် အဘယ်သတ္တိဖြင့် ကျေးဇူးပြုသည်ဟု ညွှန်ပြ၍ ယင်း ပစ္ဆာဇာတ၏ သဒ္ဒါဝါရ၌ သဘာဂ ပါဠိများကို ရေးသားခဲ့ပါ။

၉။ အာရမ္မဏမူ အဓိပတိသဘာဝ စသော (အာရမ္မဏ ၏) သဘာဝများကို သရုပ်မျှ ထုတ်ပြပြီးလျှင် အာရမ္မဏမူ နိဿယ သဘာဝ၏ တရားကိုယ်ကိုသာ ရေးခဲ့ပါ။

၁၀။ အဓိပတိ ပစ္စည်းခ္ဍ ပ ကိ ဏ္ဏ က ဃ ဋ္ဌ နာ သုံးချက်ရှိရာ အလယ် ဃဋ္ဌနာ ၏ တရားကိုယ်နှင့် ပြိုင်ပစ္စည်း ရသည့် ဝိဘင်းတို့ကို ဖော်ပြခဲ့ပါ။

အမှတ် (၂) ခန့်မှန်း ပဋ္ဌာန်း ဝိသဇ္ဇနာ

၁။ အာရမ္မဏူပ နိဿယဖြစ်အံ့ ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ, ဟူသော ကတ္တားပါဌ်ဖြင့် အလေးအမြတ် ပြုတတ်သော လောဘမူစိတ် (၈)ခုအား တပ်သော အလေးအမြတ် ပြုအပ်သော လေးကိကုသိုလ် သတ္တရသ ပစ္စည်း တရားကို ပြတော်မူ၏။

ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဟူသော သမ္ပဒါန်ပါဌ်ဖြင့် အလေးအမြတ်ပြုတတ်သော လောဘမူ စိတ် (၈)ခု ပစ္စယုပ္ပန်တရားကို ပြတော်မူ၏။

ဥပနိဿယေန, ဟူသော ကရိဏ်းပါဌ်ဖြင့် ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ ဤသုံးပစ္စယသတ္တိ (၄) ၏။

ကေသဥ္ဆိ သဒ္ဒါဖြင့် အနန္တ ရူပနိဿယကို စင်စစ်ပါသည်။ ကုသလေနပန အကုသလေ သမနန္တရာ တိတာနလဗ္ဘန္တိ၊ တေနေဝ ဝုတ္တံ၊ အကုသလာနံ ဓမ္မာနံ ကေသဥ္ဆိ ဥပနိဿယ ပစ္စယေန ပစ္စယော။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၆၈)

၂။ (က) ကမ္မဇကလာပ် ကိုးစည်းတို့တွင် စက္ခုဒသက ကလာပ်ဌ္ဌိသော ဩဇာ ပစ္စည်းတရားက ကလာပ်တူ ကမ္မဇရူပ် (၉)ခု၊ ကလာပ်ပြား (၂၀) တို့အား ရူပ်အာဟာရ၊ ရူပ်အာဟာရတို၊ ရူပ်အာဟာရ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

သောတ ဒသက ကလာပ်စသည် ထိုအတူ။

(၉) ဇိဝှါ ဒသက ကလာပ်ဌ္ဌိသော ဩဇာပစ္စည်းတရားက ကလာပ်တူ ကမ္မဇရူပ် (၈)ခု၊ ကလာပ်ပြား (၂၀) တို့အား ရူပ်အာဟာရ၊ ရူပ်အာဟာရတို၊ ရူပ်အာဟာရ အဝိဂတ ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုပါသည်။

(ခ) စိတ္တဇကလာပ် (၆)ပစ္စည်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်ဌ္ဌိသော ဩဇာပစ္စည်းတရားက ကလာပ်တူ ကမ္မဇရူပ် (၇)ခု၊ ကလာပ်ပြား (၂၀)၊ ပစ္စယုပ္ပန်တရားအား ရူပ်အာဟာရ (လ) ပါသည်။

ကာယဝိညတ္တိ နဝက ကလာပ်စသည် ထိုအတူ။

ဥတုဇ ကလာပ် (၄) ပစ္စည်း၊ အာဟာရဇ ကလာပ် (၂)တို့၌ ထိုအတူ ဖြစ်ပါသည်။

၃။ ခန္ဓေ၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ တို့ကို။ ပဋ္ဌိစ္စ၊ စဲ၍။ ဝါ၊ ပဋ္ဌိစ္စ ပဋ္ဌိဂန္ဓာ၊ တကွဖြစ်ခြင်းဟု ဆိုအပ်သော တူသော အဖြစ်ဖြင့်ရောက်၍။ ဝတ္ထု၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာနှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထုသည်။ ဥပဇ္ဇတိ၊ ဖြစ်၏။

ဝတ္ထုံ၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာနှင့် အတူ ဥပါဒ်သော။ ဟဒယဝတ္ထုံ၊ ကို။ ပဋ္ဌိစ္စ၊ စဲ၍။ ဝါ၊ ၍။ ခန္ဓာ၊ ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာတို့သည်။ ဥပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ခန္ဓေ ပဋ္ဌိစ္စ ဝတ္ထု၊ ဝတ္ထုံ ပဋ္ဌိစ္စ ခန္ဓာ, ပါဠိပါသော ပစ္စည်းမျှားမှာ သဟဇာတ၊ အညမည်၊ နိဿယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းမျှား ဖြစ်ပါသည်။

၄။ ပဋ္ဌိစ္စဝါရ အဓိပတိ ပစ္စည်း၏ အဗျာကတေန အဗျာကတံ ပိဘင်းတွင် ရုပ်သက်သက်၌ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ပဋ္ဌဝေါကာရဘုံ အဓိပတိ ပစ္စည်းကို ရသောအခါ သာဓိပတိ ကုသိုလ် အကုသိုလ် ဝိပါက်ကြီယာ နာမကွန္ဓာတို့သည် ယထာရဟ ပြုအပ်

သော သာဓိပတိ စိတ္တဇ မဟာဘုတ်ကို စွဲ၍ဖြစ်သော ဘုတ်နှင့်တကွသော သာဓိပတိ စိတ္တဇ ဥပါဒါရူပ် ပစ္စယုပ္ပန် တရားရ၏။

ပုရေဇာတာ၌ ကုသလေန ကုသလံ၌ ဝတ္ထုံ၊ ပုရေဇာတ ပစ္စယာ အနက်ပေးပုံ ၁တ္ထုံ၊ ဟဒယဝတ္ထုကို။ ပဋ္ဌိစ္စ၊ စွဲ၍။ ပုရေဇာတပစ္စယာ ဝတ္ထုနှာ ပုရေဇာတ ပစ္စယတံ သာဓေနွေ့နှ၊ ဟဒယဝတ္ထုဖြင့် ပုရေဇာတသတ္တိကို ဖြစ်စေ တတ်သည်၏ အဖြစ်ကြောင့်။ခန္ဓာ၊ ပဋ္ဌဝေါကာရ ကုသိုလ် နာမကွန္ဓာတို့သည်။ ဥပဇ္ဇန္တိ၊ ကုန်၏။

၅။ ပဋ္ဌိစ္စ၀ါရ ဝိပဿယုတ္တပစ္စည်း အဗျာကတေန အဗျာကတံ ဝိဘင်းတွင် ပဋ္ဌိသန္ဓေအခါ ဝိပဿယုတ္တပစ္စယာ, ဟူသော ဟိတ်ပါ၌၏ အရကား ကဋ္ဌတ္ဘာရုပ်အား တပ်သော ပဋ္ဌ ဝေါကာရ ပဋ္ဌိသန္ဓေ ပန္နရသ၊ စေ ,ပဋ္ဌတိ ်သ၊ အစိတ် အပေါင်း နာမကွန္ဓာ အချင်းချင်းအား တပ်သော ပဋ္ဌ ဝေါကာရ ပဋ္ဌိသန္ဓေ နာမကွန္ဓာ ဟဒဟာ၀တ္ထု ပစ္စည်းတရား တို့၏ သဟဇာတ ဝိပဿယုတ္တ သတ္တိ ၁၏။

၆။ ပဋ္ဌိစ္စ၀ါရနှင့် သဟဇာတ၀ါရ၊ ပစ္စယ၀ါရနှင့် နိဿယ၀ါရ၊ သံသဋ္ဌ၀ါရနှင့် သမ္ပယုတ္တ၀ါရ အချင်းချင်း သဘောတူကြ ပါသည်။

နိဿယ၀ါရ၌ သဟဇာတ နိဿယ၊ ပုရေဇာတ နိဿယ ပစ္စည်းဖြစ်သော တရားများကို နိဿယ၏ ကုသလ ဓမ္မံ နိဿာယ စသည်ဖြင့် ကံ ပြု၍ ဟောပါသည်။

၇။ အဗျာကတော ဓမ္မော အဗျာကတသဿ ဓမ္မဿ အည မည ပစ္စယေန ပစ္စယော,၌ ပဋ္ဌိသန္ဓေအခါ အဗျာကတော ဓမ္မော, ဟူသော ကတ္တားပုဒ်၏ အရကား အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား တပ်သော ပဋ္ဌိသန္ဓေစိတ် ဧကုနဝီသ စေ ပဥ္စတိ သ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ၊ ဟဒယဝတ္ထု ပစ္စည်းတရား ရ၏။

အဗျာကတသဿ ဓမ္မဿ, ဟူသော သမ္မဒါန်ပုဒ်၏ အရ အရကား ပဋ္ဌိသန္ဓေစိတ် ဧကုနဝီသ၊ စေ ပဥ္စတိ သ အစိတ်အစိတ် အစိတ်အပေါင်း နာမက္ခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန်တရား ရ၏။

၈။ ဇနက သတ္တိ၊ ဥပထမ္ဘက သတ္တိ (၂)မျိုးရှိရာ ပစ္ဆာ ဇာတ ပစ္စည်းသည် ဥပထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုပါသည်။

ပစ္ဆာဇာတ ပစ္စည်း၏ သဘာဝ ပစ္စည်းမျှားမှာ ပစ္ဆာ ဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ ၃-ပစ္စည်း ဖြစ်ပါသည်။

၉။ အာရမ္မဏပစ္စည်း၏ သဘာဝ သရုပ်မှာ

(၁) အာရမ္မဏမူ အဓိပတိ သဘာဝ။
(၂) ॥ နိဿယ သဘာဝ။
(၃) ॥ ဥပနိဿယ သဘာဝ။

(၄) အာဘရမ္မဏမူ ပုရေဇာတ သဘာဝ။
(၅) ။ ဝိပ္ပယုတ္တ သဘာဝ။
(၆) ။ အတ္ထိ သဘာဝ။
(၇) ။ အဝိဂတ သဘာဝ။

အာဘရမ္မဏမူ နိဿယ သဘာဝ တရားကိုယ်မှာ မနော ဒ္ဒါရာဝဇ္ဇနဲ၊ မရဏာသန္နဇော ငါးချက်၊ တဒါရုံအား တပ်သော စုတိစိတ်မှ ပြန်၍ရေသော် တဆယ် ့ခုနစ်ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ပစ္စည်းတရား ဖြစ်ပါသည်။

၁၀။ အဓိပတိ ပစ္စည်း၏ ပကိဏ္ဏကဂဠနာ (၃)ချက်တို့တွင် အလည်ချက်၏တရားကိုယ်မှာအလေးအမြတ်ပြုတတ်သော လောဘမူ စိတ် (၈)ခု၊ စေ ဗါဒီသ နာမကွန္ဓာအား တပ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စယုပ္ပန် နိပ္ဖန္နရူပ် အဋ္ဌာရသ ဖြစ်ပါသည်။ ပြိုင်နိုင်သော ပစ္စည်းမျှား အာရမ္မ၊ ဥပနိဿ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စည်း ဖြစ်ပါသည်။ (အဓိပတိပါ - ၆)

အမှတ်(၃)ခန့်မှန်း ပဋ္ဌာန်း ပုစ္ဆာ

.....o.....

၁။ ပဋ္ဌာန်း(၂၄) ပစ္စည်းတို့သည် အကျဉ်းအားဖြင့် ၈- ပါး ပြားပုံ၊ တဖန် အကျဉ်းအားဖြင့် (၄)ပါးသာ ပြားပုံ ကို သရုပ်ထုတ်၍ ရေတွက်ပြီးလျှင် ၎င်း ၂၄ - ပစ္စည်းကို ဘုံအားဖြင့်လည်း ဝေဘန်ပြပါ။

၂။ ကုသိုလ် အကုသိုလ်သည် ဝိပါက် ကြိယာအားဖြင့်ရင်း ဝိပါက်သည် ဝိပါက်အားရင်း အာသေဝန ပစ္စည်း မဟာပ်ကြောင်း ရှင်းလင်းခဲ့ပါ။

၃။ ပုစ္ဆာဝါရ ပဏ္ဏာတ္တိဝါရတို့၏ အဓိပ္ပါယ်ကို ရှင်း၍ ပဋ္ဌာန်ဝါရ၌ ဟေတောမူရာ ဖြစ်လျက် ကုသိုလ်ကို စွဲ၍ အကုသိုလ် သဟဇာတ ပစ္စည်း၏ အစွမ်းဖြင့် ဟောကြားရာ ကုသိုလ်ကို စွဲ၍ အကုသိုလ်ဖြစ်ခြင်း မရှိသောကြောင့် ကုသလပဒ (ပ) ကုသလာ ကုသလာ ဗျာကတပဒ အားဖြင့် (၇) ပါးရှိ၏ ဟု ဆိုသောစကားသည် သင့်ပါမည်လော။

၄။ ပဋ္ဌာန်ဝါရ ကမ္မပစ္စည်း၌ (က) ပဝတ္တိအခါ၊ (ခ) ပဋိသန္ဓေအခါ၊ (ဂ) ရုပ်သက်သက် အခါတို့၌ နာနာကွဏိက ကမ္မဟိတ် အရသာ အသီးအသီး ကုန်စင်အောင် ကျမ်းရင်းလာတိုင်း ကောက်ပြခဲ့ပါ (တနည်းကား မလို)။

၅။ ဟေတုမူ ကမ္မဒုက ပစ္စနိယာ နုလောမ ပစ္စည်းတွန်းသက်သက်ကို တွန်းပြ၍ ဟေတု ပစ္စယာ မဂ္ဂေနဝ, ၌ နဝ, သင်္ခေါ၏ သခ်ေယျကိုလည်း ထုတ်ပြခဲ့ပါ။

၆။ ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ၌ ဝိဓိ၏ အနုဝါဒကို ရေး၍ ကတ္တားပါ၌ ဟိတ်ပါ၌ အရတို့ကို ကောက်ပြခဲ့ပါ။

၇။ ဝိပါက် ကြိယာအချင်းချင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ဝိပါက်သည် ကြိယာ, ကြိယာသည် ဝိပါက်အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုမပြု သာဓကပြ၍ ဖြေဆိုခဲ့ပါ။

၈။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ အနန္တရ ပစ္စယေန ပစ္စယောဖြင့် ဘုံတူ ဘုံပြားဖြစ်သော ကုသိုလ်တရားများ စုပေါင်း၍ ဟောရာ ကုန်ပြီးလျက် အဘယ်ကြောင့် အနုလောမံ ဂေါ်တြဘုဿ၊ အနုလောမံ ဝေါဒါနဿ ဂေါ်တြဘူမဂ္ဂဿ၊ ဝေါဒါနံ မဂ္ဂဿဟု သီးသန့် ဟောပါသနည်း။

၉။ ဟေတုမူ သမ္မယုတ္တဒုကဒ္ဒ ပစ္စနိယာ နုလောမတရားများကို ထုတ်ပြ၍ သချ၊်ဝတပ်ပြခဲ့ပါ။

၁၀။ ပဋ္ဌာဝါရဝယ် အကုသိုလ် အဗျာကတ ပစ္စည်းတရားက အကုသိုလ် ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုပုံ့ ကို အဘယ် ပစ္စည်းတို့ဖြင့် ဟောပါသနည်း၊ ပစ္စယုဒ္ဓါရဝါရဖြင့် ဟောတော်မူအပ်သော ပစ္စည်းသရုပ်မျှကို ပြည့်စုံအောင် ထုတ်ပြခဲ့ပါ။

အမှတ် (၃) ခန့်မှန်း ပဋ္ဌာန်း ဝိသဇ္ဇနာ

၁။ ၁။ အာဝရဏ ပစ္စည်း၊ ၂။ သဟဇာတ ပစ္စည်း၊ ၃။ ဥပနိဿယပစ္စည်း ၄။ ပုရေဇာတ ပစ္စည်း၊ ၅။ ပစ္ဆာဇာတ ပစ္စည်း၊ ၆။ ကမ္မ ပစ္စည်း၊ ၇။ အာဟာရ ပစ္စည်း၊ ၈။ ဣန္ဒြိယ ပစ္စည်း။

အကျဉ်းတနည်း (၄) ပစ္စည်းမှာ အာရုံမှာ ဥပနိဿယ ကမ္မ အတ္ထိအားဖြင့် (၄)ပစ္စည်းဖြစ်ပါသည်။

ဘုံအားဖြင့်

၁။ ပဠုဝေါကာရဘုံ၌ ၂၄- ပစ္စည်း လုံးရပါသည်။

၂။ စတု ဝေါကာရဘုံ၌ ပုရေဇာတ ပစ္ဆာဇာတ၊ ဝိပွယုတ္တတို့ကြောင့် ကျန် ၂၁-ပစ္စည်း ရပါသည်။

၃။ အသညာသတ် ဘုံ၌ သဟဇာတ၊ အညမညနိဿယ၊ ကမ္မ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ရပါသည်။

၂။ ကုသိုလ် အကုသိုလ်သည် ဝိပါက်ကြိယာအား မိမိဟု ဆိုအပ်သော ကုသိုလ် အကုသိုလ် ဇာတ်သဘောကို ယူစေခြင်းငှါ၊ မစ္စမ်းနိုင်သောကြောင့် ကုသိုလ် အကုသိုလ်သည် အဗျာကတ ဖြစ်သော ဝိပါက် ကြိယာအား အာသေဝန သတ္တိဖြင့် ကျေးဇူးမပြုပါ၊ ဇာတ်မတူသောကြောင့် အတ္တနော ဂတိ ဂါဟာပေတုံ အသမတ္ထတာယ (အဋ္ဌကထာ)။

ဝိပါက်သည် ကံအဟုန်ပစ်ချသဖြင့် ကျသကဲ့သို့ ဖြစ်သောကြောင့် အခြင်းခပ်သိမ်း ဝိပါက်၌ အဖန်တလဲလဲ ပွါးများခြင်း အာသေဝန မရှိပါ၊ ထိုကြောင့် ဝိပါက် အချင်းချင်း အာသေဝန ပစ္စည်း မတပ်ပါ။ (ပဋ္ဌာန်း အဋ္ဌကထာ)

၃။ ကုသိုလ်စသော တရားတို့ကို စွဲ၍ ဟေတု ပစ္စည်း စသည်တို့၏ အစွမ်းအားဖြင့် ကုသိုလ် စသော တရားတို့၏ ဖြစ်ပုံကို မေးအပ်သော ဝါရဖြစ်သောကြောင့် ပုစ္ဆာဝါရ ဟု ခေါ်ပါသည်။

ကုသလာ ဒယော ပဋ္ဌိစ္စ ဟေတု ပစ္စယာ ဒိဝသေန ကုသလာဒီနံ ဥပ္ပတ္တိယာ ပုစ္ဆိတတ္တာ ပုစ္ဆာဝါရော(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၉၆)ကုသိုလ်စသော တရားတို့ကိုစွဲ၍ ဟေတုပစ္စည်း စသည်တို့၏ အစွမ်းအားဖြင့် ကုသိုလ် စသော တရားတို့၏ ဖြစ်ပုံကို ပညတ် အပ်သောကြောင့် ပဏ္ဏတ္တိဝါရ။ (၎င်း)

ပုစ္ဆာဝါရ၌ အဖြေရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တရားရှိသမျှကို အကုန် မေးအပ်သောကြောင့် ကုသလ ပဒ စသော အားဖြင့် (၇) ပါး အပြားရှိ၏ဟု ဆိုသော စကားသည် သင့်ပါသည်။

ဣမသ္မိံ ပန ပုစ္ဆာဝါရေ ယမ္မိ ဝိဿဇ္ဇိယမာနံ အတ္ထတော လဗ္ဘတိ၊ ယမ္မိ နု လဗ္ဘတိ တံသဗ္ဗံ ပုစ္ဆာဝသေန ဥဒ္ဒဋ္ဌံ။

ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ (၃၉၆)။

၄။ အဗျာကတေန အဗျာကတံ၌။

နာနာက္ခဏိက ကမ္မပစ္စည်း အဗျာကတေန အဗျာကတံ၌။

(က) ပဝတ္တိအခါ ကမ္မပစ္စယာ ဟူသော ဟိတ်ပါဋ္ဌ၏ အရကား ဝိပါက်စိတ် ဆတ္တိံသ ကဋ္ဌတ္တာရုပ်အား တပ်သော အတိတ်ဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ ပစ္စည်း တရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

(ခ) ပဋ္ဌိသန္ဓေအခါ ကမ္မပစ္စယာ,ဟူသော ဟိတ်ပါဋ္ဌ၏ အရကား ပဋ္ဌိသန္ဓေ ကေုန ဝိသ နာမက္ခန္ဓာ ကဋ္ဌတ္တာရုပ်အား တပ်သော ဥဒ္ဓစ္စကြဉ်သော အကုသိုလ် စေတနာ (၁၁)ခု မဟာကုသိုလ် စေတနာ (၈)ခု ရူပ ကုသိုလ် စေတနာ(၅)ခု၊ အရူပ ကုသိုလ် စေတနာ(၄)ခု ပစ္စည်း တရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

(ဂ) ရုပ်သက်သက်၌ ပဋ္ဌိသန္ဓေ ကမ္မဇရုပ်အား တပ်သော ဥဒ္ဓစ္စကြဉ်သော အကုသိုလ် စေတနာ (၁၁) ခု၊ မဟာကုသိုလ် ဧတနာ (၈)ခု၊ ရူပ ကုသိုလ် စေတနာ (၅)ခု၊ ပဝတ္တိကမ္မဇရုပ်အား တပ်သော အကုသိုလ် စေတနာ(၁၂)ခု၊ မဟာကုသိုလ် စေတနာ(၈)ခု ရူပ ကုသိုလ် စေတနာ(၅)ခု အသညသတ် ကမ္မဇရုပ်အား တပ်သော ရူပါဝစရ ပဌမစျာန်သိုလ် စေတနာ ပစ္စည်း တရားတို့၏ နာနာက္ခဏိက ကမ္မသတ္တိရ၏။

၅။ မောဟမူဒ္ဒေ၌ မောဟ ကြိယာစေတနာ ကြဉ်သော အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာလေးပါး အဟိတ်စိတ္တဇရုပ် အဟိတ် ပဋ္ဌိသန္ဓေ ကမ္မဇရုပ် အသညသတ် ကမ္မဇ

ရုပ်၊ ပဝတ္ထု ကမ္မဇရုပ် ဤတရားတို့သည် ကမ္မပစ္စည်း၏ ပစ္စယုပ္ပန္နဓမ္မသာဖြစ်၍ ဟေတုပစ္စည်း၏ (၄) နဟေတုပစ္စယာ ကမ္မေဒ္ဓေဟု သချ်ာတပ်၍ ဟောအပ်ကုန်၏။

ဟေတုပစ္စယာ မဂ္ဂေနဝ, ဌ် နဝ,အရုမ္မာ ၁၃ - ခုနှစ် ဒုတိယပိုင်း ပုစ္ဆာနံပါတ် - ၃ က ၏ အဖြေနှင့် တူပါသည်။

၆။ ကုသလံ ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာဌ် ကုသလော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား ကုသိုလ်စိတ် ကေဝိသ စေအဌတိံသ အစိတ်အစိတ် နာမကွန္ဓာကို နှိုးနှောချ၍ ဖြစ်သော ကုသိုလ်စိတ် ကေဝိသ စေအဌတိံသ အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန် တရားရု၏။

ဟေတုပစ္စယာ ဟူသော ဟိတ်ပါဌ်၏အရကား သမ္ပယုတ္တကွန္ဓာအား တပ်သော ကုသိုလ်စိတ် ကေဝိသ စေအဌတိံသ စိတ္တကွဏ တခုခုဌ် ရှိသော ဒွိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ တိဟိတ်ဖြစ်အံ့ အလောဘ၊ အဒေါသ၊ အမောဟ ဤဟိတ် ၂-ပါး၊ ၃-ပါး ပစ္စည်းတရားတို့၏ ဟေတု သတ္တိရ၏။

၇။ ဝိပါက် ကြိယာ အချင်းချင်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ ဝိပါက်သည် ကြိယာအားရင်း၊ ကြိယာသည် ဝိပါက်အားရင်း အနန္တရ သတ္တိဖြင့် ကျေးဇူးပြုပါသည်။

ဝိပါက်သည် ကြိယာအား ကျေးဇူးပြုပုံ သာဓက,, ဘဝင်္ဂ် အာဝဇ္ဇနာယ၊

ကြိယာသည် ဝိပါက်အား ကျေးဇူးပြုပုံ သာဓကမှာ ကြိယံ ဝုဋ္ဌာ နသာ,

၇။ ပုရိမာ ပုရိမာ ကုသလာခန္ဓာ (ပ) အနန္တရ ပစ္စယေန ပစ္စယောဖြင့် ဘုံတူ ဘုံပြား ဖြစ်ကုန်သော ကုသိုလ်တရား တို့ စုပေါင်း ဟောရှိကုန်ပြီး ဖြစ်သော်လည်း အနုလောမ် ဂေါတြဘုသ၊ အနုလောမ် ဝေါဒါနသ, ဟု သီးခြား ဟောခြင်းသည် ဘုံတူပင် ဖြစ်သော်လည်း သင်္ခါရတရားလျှင် အာရုံပြုသော အနုလောမ်အရ အနုလုံ ကိစ္စ တပ်သော မဟာကုသိုလ် ပ-တ-ဒွေ တရားက ဂေါတြဘုသ- ဝေါဒါနသ အရ နိဗ္ဗာန်လျှင် အာရုံရှိသော မဟာကုသိုလ် ပထမ၊ တတိယ ဒွေအား နာနာရမ္မဏ ဓမ္မချင်း အနန္တရ သတ္တိဖြင့် ကျေးဇူးပြုလေသလော မပြုလေသလော ဟု သံသယကို ပယ်ဖျောက်ခြင်းငှါ သီးခြား ဟောပါသည်။

ဂေါတြဘု မဂ္ဂသ ဝေါဒါနံ မဂ္ဂသ ဌာ်လည်း နာနာ ဘုမ္မိကဖြစ်၍ သီးသန့်ဟောပါသည်။

အနုလောမ် ဂေါတြ် ဘုသ အနုလောမ် ဝေါဒါနသတိ နာနာရမ္မဏ ဝသေန။

ဂေါတြဘု မဂ္ဂသ ဝေါဒါနံ မဂ္ဂသာတိ နာနာဘူမိ ဝသေန၊ ပဋ္ဌာန်း အဋ္ဌကထာ(၄၃၇)။

၉။ ဟေတုမူ သမ္ပယုတ္တ ဒုကဋ္ဌ ပစ္စနိယာ နုမလောမ တရား မျှားမှာ အချင်းချင်းအား တပ်သော ဟိတ်(၆)ပါးမှ တပါး! အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမကွန္ဓာ လေးပါး ဖြစ်ပါသည်။

နဟေတု ပစ္စယာ သမ္ပယုတ္တေ တိဏိ, ဖြစ်ပါသည်။

၁၀။ ပဋ္ဌာဝါရဝယ် အကုသိုလ် အဗျာကတ ပစ္စည်းတရားက အကုသိုလ် ပစ္စယုပ္ပန် တရားမျှားအား ကျေးဇူးပြုပုံ ကို သဟဇာတ၊ ပုရေဇာတ ပစ္စည်းတို့၌ ဟောပါသည်။

ပစ္စယုဒ္ဓါရဝါရ၌ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းမျှား ဖြစ်ပါသည်။

အမှတ် (၄) ခန်းမှန်း ပဋ္ဌာန်း ပုစ္ဆာ

.....o.....

၁။ လောဘမူ ပထမစိတ်၌ရှိသော ဟိတ်မျှားကို ဟေတု ပစ္စည်းယူခဲ့သော် ဖြစ်ထိုက် ပစ္စယုပ္ပန် တရားမျှားကို ဘုံအား လျော်စွာ ဝေဘန်ခဲ့ပါ။

၂။ ရူပိနော ဓမ္မာ အရူပိနံ ဓမ္မာနံ ဝိပ္ပ ယုတ္တ ပစ္စယေန ပစ္စယော, ကို အနက်ပေးၗ ကတ္တားပါဌ်စသည်တို့၏ အရ ကို ပြည့်စုအောင် ကောက်ပြခဲ့ပါ့။

၃။ အဗျာကတံ ပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာသေဝန ပစ္စယာဌ် ကတ္တားပါဌ်အရမ္ပ ကောက်ပြပြီး လျှင်၊ ပဋိစ္စဝါရ မဟောသော ပစ္စည်းများကိုလည်း အကြောင်းပြၗ ဖြေဆိုခဲ့ပါ။

၄။ အောက်ပါဓမ္မများအရ ကောက်ပြခဲ့ပါ။

(က) နဟေတု ပစ္စယ အာသေဝန ဓမ္မ။

(ခ) ဟေတုပစ္စယ နာသေဝန ဓမ္မ။

(ဂ) နဟေတု ပစ္စယ နာသေဝန ဓမ္မ။

(ဃ) ဟေတုပစ္စယ အာသေဝန ဓမ္မ။

၅။ သဟဇာတ ဝါရဌ် အောက်ပါတရားများ၏ သချ်ာ၊ သခြေ၊ ယျတို့ကို ထုတ်ပြခဲ့ပါ။

(က) သဟိတ်နာမ် သဟိတ်ရုပ်၊

(ခ) အရူပ နာမ် သက်သက်၊

(ဂ) မောဟမူဌ် မောဟနှင့် အဟိတ်နာမ်၊

၆။ အဗျာကတံ ဓမ္မံ သံသဋ္ဌော အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာကို အနက်ပေးပြီးလျှင် ကတ္တားပုဒ် အရ ကောက်ပြခဲ့ပါ။

၇။ သမ္မယုတ္တဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ (လ) သုံးပါးအပြားရှိ၏ ဟူသော ပေယျာလကို ဖေါ်ထုတ်၍ ဆဝါရနှင့် ပဥ္စဝါရတို့၏ ထူးခြားဟန်ကို သိသာရုံမျှ ဖြေဆိုခဲ့ပါ။

၈။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နိဿယ ပစ္စယော နှ ပစ္စယော ဟူသော ဝိဓိ၏ အနုဝါဒကို စုံလင်အောင် ထုတ်ပြခဲ့ပါ။

၉။ အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော အာရမ္မဏာ ဓိပတိအတွက် အနုဝါဒ ပါဠိကို ထုတ်ပြ၍၊ ကတ္တားပါဌ်စသည် စုံလင်အောင် ကောက်ပြခဲ့ပါ။

၁၀။ သားသံယောဇဉ်ကို အကြောင်းပြုပြီး သံဃာတော်များအား ဆွမ်းစသော ပစ္စည်းများ လှူဒါန်းရာဝယ်၊ အာဘယ် ဒေသနာတော်နှင့် ကိုက်ညီသည်ကို အဘိဓမ္မာ ပဋ္ဌာန်းစကားဖြင့် အာဂမသွင်း၍ လင်းခဲ့ပါ။

အမှတ် (၄) ခန့်မှန်း ပဋ္ဌာန်းအဖြေ။

၁။ လောဘမူ ပထမစိတ်ဌ် ရှိဟော လောဘ မောဟ ဟိတ်များကို ပစ္စည်းယူခဲ့ ပဋ္ဌဝေါကာရ ဘုံဌ်ဖြစ်အုံ့၊ လောဘမူ ပထမ အသင်္ခါရိက စိတ် ၁-ခု လောဘ မောဟကြဉ်သော စေ သတ္တရသ နာမကွန္ဓာ သဟိတ် စိတ္တဇရုပ် ပစ္စယုပ္ပန် တရားများအား ဟေတု သတ္တိဖြင့် ကျေးဇူးပြုပါသည်။

စတုဝေါကာရဘုံဌ် ဖြစ်အုံ့၊ လောဘမူ ပထမ အသင်္ခါရိက စိတ် (၁) ခု လောဘ မောဟ ကြဉ်သော စေ သတ္တရသ နာမကွန္ဓာ ပစ္စယုပ္ပန်တရားများအား ဟေတု သတ္တိဖြင့် ကျေးဇူးပြုပါသည်။

၂။ ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဆဝတ္ထု ပစ္စည်းတရား တို့သည်။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ အရူပ ဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏ ဓါတ်တို့အား။ ဝိပွယုတ္တ ပစ္စယေန၊ သဟဇာတ ဝိပွယုတ္တ ပုရေဇာတ ဝိပွယုတ္တ သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

သဟဇာတ ဝိပွယုတ္တ ဖြစ်အုံ့၊ ရူပိနော, ဓမ္မာ, ဟူသော ကတ္တားပါဌ်ဖြင့် ပဋ္ဌဝေါကာရ ပဋ္ဌိသန္ဓေ နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏။

အရူပီနံ ဓမ္မာနံ, ဟူသော သမ္မာဒါန်ပါဠိဖြင့် ပဋ္ဌဝေါကာရ ပဋ္ဌိ သန္ဓေ နာမကွန္ဓာ ပစ္စယုပ္ပန် (လ) ၏။

ဝိပ္ပယုတ္တ ပစ္စယေန, ဟူသော ကရိဏ်းပါဠိဖြင့် တပြိုင်နက် တပ်ကောင်းသော ဝိပ္ပယုတ္တ၊ သဟဇာတ အညမည၊ နိဿဿ၊ အတ္ထိ၊ အဝိဂတ ဤ ခြောက်ပစ္စယ (လ) ၏။

တနည်း, ပုရေဇာတ ဝိပ္ပယုတ္တဖြစ်အံ့,

ကတ္တားပါဠိဖြင့် ဆဝတ္ထု ပစ္စည်းတရားကို ပြတော်မူ၏၊ သမ္မာဒါန် ပါဠိဖြင့်, အရူပ ဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ် ပစ္စယုပ္ပန် တရားကို ပြတော်မူ၏။

ကရိဏ်းပါဠိဖြင့်, တပြိုင်နက် ယထာရော တပ်ကောင်းသော ဝိပ္ပယုတ္တ၊ အာဝရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဤ ကိုးပစ္စယ (လ) ၏။

၃။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ အာသေဝန ပစ္စယာဒ္ဒ။

အဗျာကတော ဓမ္မော, ဟူသော ကတ္တားပါဠိ၏ အရကား ဟသိတုပ္ပါဒ် မဟာကြိယာ ဒုတိယာဒီ ဇော၊ မဟာဂ္ဂုတ် ကြိယာ ကိုးခု၊ စေ ပဋ္ဌတိ ံသ အစိတ်

အစိတ် နာမကွန္ဓာကိုစဲ့ရ၍ဖြစ်သော၊ ဟသိတုပ္ပါဒ်၌ မဟာ ကြိယာ ဒုတိယာဒီဇော၊ မဟာဂျုတ်ကြိယာကိုးခု၊ စေပဋ္ဌတိ သ၊ အစိတ်အစိတ် နာမကွန္ဓာ ပစ္စယုပ္ပန် တရားရ၏။

ပဋ္ဌိစ္စဝါရ၌ ဥပ္ပဇ္ဇတိ ကြိယာနှင့် မတန်သောကြောင့် ပစ္ဆာဇာတ ပစ္စည်းကို မဟောပါ။

၄။ (က) နဟေတု ပစ္စယ အာသေဝနဓမ္မ, မေဟမ္မ ဒုတိယာဒီဇော၌ ရှိသောမောဟ ဟသိတုပ္ပါဒ် ဒုတိယာ ဒီဇောမျှား ဖြစ်ပါသည်။

(ခ) ဟေတုပစ္စယာ နာသေဝန ဓမ္မ, မောဟမ္မ၌ မောဟကြဉ်သော အကုသိုလ် ဒ္ဒါဒသ၊ မဟာကုသိုလ် မဟာကြိယာ ပထမဇော၊ သဟိတ်ဝိပါက် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာလေးပါး၊ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်, ဖြစ်ပါသည်။

(ဂ) နဟေတု ပစ္စယ နာသေဝန ဓမ္မ, မောဟမ္မ ပဌမဇော၌ရှိသော မောဟ၊ ဟသိတုပ္ပါဒ် ပထမဇော ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်ပဝတ္တိ ပဋ္ဌိသန္ဓေနာမကွန္ဓာ လေးပါး အဟိတ်စိတ္တဇရုပ် အဟိတ်ပဋ္ဌိသန္ဓေ ကမ္မဇရုပ်၊ ဗာဟိရရုပ် (ပ) ပဝတ္တိ ကမ္မဇရုပ်မျှား ဖြစ်ပါသည်။

(ဃ) ဟေတုပစ္စယ အာသေဝန ဓမ္မ မောဟမ္မ ဒ္ဒေ၌ မောဟကြဉ်သော အကုသိုလ် ဒ္ဒါဒသ၊ မဟာ

ကုသိုလ် မဟာကြီယာ ဒုတိယာ ဒုံဇော၊ မဟာဂျုတ် ကုသိုလ် မဟာဂျုတ်ကြီယာ မဂ်လေးခု နာမကွန္ဓာ တရား များ ဖြစ်ပါသည်။

၅။ သဟဇာတ ဝါရဌ

(က) သဟိတ်နာမ် သဟိတ်ရုပ်ဖြစ်အံ့၊ သချ်ာ နဝ, ဖြစ်ပါသည်။ သချေ်မှာ -၁- ကုသလေန ကုသလံ ၂- ကုသလေန အဗျာကတံ၊ -၃- ကုသလေန ကုသလာ ဗျာကတံ၊ -၄- အကုသလေန အကုသလံ၊ -၅- အကုသလေန အဗျာကတံ၊ -၆- အကုသလေန အကုသလာ ဗျာကတံ၊ -၇- အဗျာကတေန အဗျာကတံ၊ -၈- ကုသလာ ဗျာကတေန အဗျာကတံ၊ -၉- အကုသလာ ဗျာကတေန အဗျာကတံ ဖြစ်ပါသည်။

(ခ) အရူပနာမ် သက်သက်ဖြစ်အံ့, သချ်ာတိဏိ ဖြစ်ပါသည်။

သချေ်မှာ, -၁- ကုသလေန ကုသလံ၊ -၂- အကုသလေန အကုသလံ၊ -၃- အဗျာကတေန အဗျာကတံ ဖြစ်ပါသည်။

(ဂ) မေဟာမူ ဒွေ၌ မေဟာနှင့် အဟိတ်နာမ် ဖြစ်အံ့ သချ်ာဒွေ, ဖြစ်ပါသည်။ သချေ်မှာ -၁ အကု

သလေန အကုသလံ၊ -၂- အဗျာကတေန အဗျာကတံ ဖြစ်ပါသည်။

၆။ အဗျာကတံ၊ သော။ ဓမ္မံ၊ ကို။ သံသဋ္ဌော၊ ကေ့ပ္ပါဒါဒိ လက္ခဏာဟူသော သမ္ပယောဂ အသဘောဖြင့် ပစ္စည်းကို ပြု၍။ အဗျာကတော၊ သော။ ဓမ္မော၊ သည်။ ဟေတု ပစ္စယာ,၊ ဟေတုပစ္စည်းကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။

တနည်း, အဗျာကတံ၊ သော။ ဓမ္မံ၊ ကို။ ပဋ္ဌိစ္စ၊ စွဲ၍။ တေန၊ ထိုအဗျာကတ ဓမ္မနှင့်။ သံသဋ္ဌော၊ ကေ့ပ္ပါဒ အစရှိသော လက္ခဏာလေးပါးနှင့် နှီးနှောသော။ အဗျာကတော၊ သော။ ဓမ္မော၊ သည်။ ဟေတု ပစ္စယာ၊ ကြောင့်။ ဥပ္ပဇ္ဇတိ၊ ၏။

အဗျာကတေန အဗျာကတံ၌ ပဝတ္တိအခါ အဗျာကတော, ဟူသော ကတ္တားပုဒ်၏ အရကား သဟိတ်ဝိပါက် ဧကဝိသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေ အဌတိ ံသ အစိတ် အစိတ် နာမက္ခန္ဓာကို နှီးနှော၍ ဖြစ်သော သဟိတ် ဝိပါက် ဧကဝိသ၊ သဟိတ်ကြိယာ သတ္တရသ၊ စေ အဌတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာ ပစ္စယုပ္ပန် တရားရ၏။

၇။ ပေယျာလသည် ၁၃၁၁- ခုနှစ် ပုစ္ဆာနံပါတ် ဒုတိယ ပိုင်း -၁- အဖြေနှင့် တူပါသည်။

ဆဝါရနှင့် ပဥ္စာဝါရ အထူး,
ဆဝါရ၌ ပစ္စယုပ္ပန္နမမ္မကို ပဋ္ဌာန ထားဟောပါသည်။
ပဥ္စာဝါရ၌ ပစ္စယဓမ္မကို ပဋ္ဌါန ထားဟောပါသည်။
ဤကဲ့သို့ ထူးပါသည်။

၈။ အနုဝါဒ, ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။
တယောခန္ဓာ ဧကဿ ခန္ဓဿ ॥ ॥
ဒွေ ခန္ဓာ ဒ္ဝိန္နံ ခန္ဓာနံ ॥ ॥

၉။ အဗ္ယာကတော ဓမ္မော အဗ္ယာကတဿ ဓမ္မဿ အဓိပတိ ပစ္စယေန ပစ္စယော, အာရမ္မဏာ ဓိပတိ အရဟာ ဖလံ ဂရုံ ကတ္ဝာ ပစ္စဝေက္ခတိ။

နိဗ္ဗာနံ ဂရုံကတ္ဝာ ပစ္စဝေက္ခတိ၊ နိဗ္ဗာနံ ဖလဿ အဓိပတိ ပစ္စယေန ပစ္စယော။

အဗ္ယာကတော ဓမ္မော, ဟူသော ကတ္တားပါဠိ၏ အရကား အလေးအမြတ် ပြုတတ်သော မဟာ ကြိယာ ဉာဏ သမ္မယုတ်စိတ် လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော အရဟာတ္တဖိုလ် နိဗ္ဗာန်၊ ဖိုလ်လေးခုအား တပ်သော နိဗ္ဗာန်ပစ္စည်းတရားရ၏။

အဗျာကတသဿ ဓမ္မဿ ဟူသော သမ္မဒါန် ပုဒ်၏ အရကား မဟာကြိယာ ဥာဏသမ္ပယုတ်လေးခု ဖိုလ်လေးခု စေ ဆိတ္တိ သ ပစ္စယုပ္ပန်ရ၏။

အဓိပတိ ပစ္စယာ ဟူသော ကရိုဏ်းပါဠိဖြင့် အာရမ္မဏ အာရမ္မဏာ ဓိပတိ အာရမ္မဏူပ နိဿယ သုံးပစ္စယ သတ္တိတို့တွင် အာရမ္မဏာ ဓိပတိ (လ) ၏။

၁၀။ သား သံယောဇဉ်ကို အကြောင်းပြု၍ သံဃာတော် များအား ဆွမ်းစသည် လှူဒါန်းရာဝယ် အကုသလော ဓမ္မော၊ ကုသလဿ ဓမ္မဿ ဥပနိဿယ ပစ္စယေန ပစ္စယော, ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ စသော ပဋ္ဌာန်းပဥ္စာဝါရ ပါဠိတော်နှင့် ကိုက်ညီပါ၏။

အမှတ်(၅) ခန့်မှန်း ပဋ္ဌာန်း ပုဋ္ဌာ

.....O.....

၁။ ဟေတုပစ္စည်း၏ နိဒ္ဒဿနာကာရ၌ ဟေတု သမ္ပယုတ္တ ကာနံ,ဟု မဟောမူ၍ အဘယ်ကြောင့် ဟေတူ ဟေတု သမ္ပယုတ္တကာနံဟု ဟောသည်ကို ဖြေဆို၍၊ ပစ္စည်းသ၏ ဟူသော စကား၏ အဓိပ္ပါယ်ကိုလည်း ရှင်းခဲ့ပါ။

၂။ ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဏ်သည် အဘယ်အာရုံ ပစ္စည်းတရားတို့က ကျေးဇူးပြု၍ ဖြစ်ပေါ်ပါသနည်း။

၃။ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလောစ အဗျာကတောစ ဓမ္မာ ဥပဇ္ဇန္တိ အဓိပတိ ပစ္စယာဒ္ဒ် ကတ္တားပုဒ် ဟိတ် ပုဒ်တို့၏ အရကို ကောက်ပြခဲ့ပါ။

၄။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တာ ပစ္စယာ ဟူသော ဝိဓိ၏ ပဝတ္တိအခါ အနုဝါဒ ပါဠိကို ထုတ်၍ အနက်ပေးခဲ့ပါ။

၅။ ပဋ္ဌိစ္စ သခ္ခ်ဝါရဒ္ဒ် နဝ, သခ္ခ်ာ တိဏိသခ္ခ်ာ ဧကံ သခ္ခ်ာထုတ်ရသော ပစ္စည်းတို့ကို ရေတွက်ပြ၍ သဟဇာတ ဝါရသည် ပဋ္ဌိစ္စ ဝါရနှင့် အရကောက် ပါဠိတော် စသည် တူပါလျက် အဘယ်ကြောင့် ထပ်၍ ဟောပါသနည်း။

၆။ သံသဋ္ဌဝါရ သခ္ခ်ဝါရ အနုလုံ ဟေတုမူ အာရမ္မဏ ဒုကဒ္ဒ် (က)နဟေတု ပစ္စယ အာရမ္မဏ ဓမ္မ (ခ)ဟေတု ပစ္စယ နာရမ္မဏ ဓမ္မ တရားများကို ထုတ်ပြ၍၊ နဟေတု ပစ္စယ ဓမ္မများကိုလည်း ထုတ်ပြခဲ့ပါ။

၇။ နိဒ္ဒေသ ဝါရဒ္ဒ်ကဲ့သို့ ဟေတူ ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံဟု ဓမ္မသဒ္ဒါနှင့် ဟောတော်မူ၏၊ အဘယ်ကြောင့် ပဋ္ဌာဝါရဒ္ဒ် ဟေတူ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံဟု, ခန္ဓသဒ္ဒါနှင့် ဟောတော်မူပါသနည်း။

ပဋ္ဌိစ္စစသော ဆဝါရဒ္ဒ် အဘယ်ကြောင့် ခန္ဓသဒ္ဒါနှင့် ဟောတော် မူပါသနည်း။

၈။ သီလံ သမာဒိယိတ္ဌာ တံ ဂရု-ကတ္ဌာ ပစ္စဝေက္ခတိ,ဌ္ဌ ဂရုံကတ္ဌာ ပစ္စဝေက္ခတိအရ မဟာဂ္ဂုတ် ကုသိုလ်ကို ယူသင့် မယူသင့် ဥပမာနှင့် တကွ ဖြေဆိုခဲ့ပါ။

၉။ မဟာကြိယာ ဉာဏ် ဝိပ္ပယုတ် လေးခု၊ ဒေါသမူဒ္ဒေ မောဟမူဒ္ဒေတို့သည် အဘယ်ကြောင့် အာရမ္မဏာ ဓိပတိ ပစ္စယုပ္ပန် မဖြစ်သည်ကို ဖြေဆိုပြီးလျှင်, ကမ္မ ပစ္စည်း၏ အနုဝါဒ၌ အဘယ်ကြောင့် စေတနာ ဝတ္ထုဃဟု သီးသန့် ဟောပါသနည်း။

၁၀။ ပဥ္စဝေါရ ပစ္စယုဒ္ဓါရ ကုသလပဒ အဗျာကတ ပဒါဝ သာနကို မည်သည့်ပစ္စည်းတို့၌ ဟောပါသနည်း အာရမ္မဏ ဖြင့် မည်သည့် ပစ္စည်းသရုပ်ကို ပြုပါသနည်း။

အမှတ်(၅) ခန့်မှန်း ပဋ္ဌာန်း အဖြေများ

၁။ ဟေတု သမ္မယုတ္တကာနံ ဟူ၍ မဟောဘဲ ဟေတုဟေတု သမ္မယုတ္တကာနံ ဟု ဟောတော်မူခြင်းသည် အဟိတ် စိတ္တုပ္ပါဒ်လည်း သမ္မယုတ္တပစ္စည်းသာမည်ဖြစ်၍ ထိုအဟိတ် စိတ္တုပ္ပါဒ်ကို နစ်စေ၊ စင်စေလို၍ ဟောတော်မူပါသည်။

ပစ္စည်းသ`ဟူသည်၊ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိုက် သုံးမျိုး လုံး၌ ပါဝင်သော တရားကို ပစ္စည်းသ`ဟု ခေါ်ဆိုပါသည်။

၂။ ဣဒ္ဓိဝိဓ ကုသိုလ် အဘိညာဏ်သည် ပါဒက ဖြစ်သော ရူပါဝ စရ ကုသိုလ် ပဉ္စမစျာန် သတသဟဿ စသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံ (၆)ပါး ပစ္စည်းတရားက ကျေးဇူးပြု၍ ဖြစ်ပေါ် လာပါသည်။

၃။ ကုသလောစ အဗျာကတောစ ဓမ္မာဟူသော ကတ္တားပုဒ်၏ အရကား ပဉ္စဝေါကာရဘုံ၌ အဓိပတိ ပစ္စည်းကို ရသောအခါ မဟာကုသိုလ် ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေ အဌတိ ံသ၊ အစိတ် အစိတ် နာမက္ခန္ဓာကို စွဲ၍ဖြစ်သော အဓိပတိ တရားကိုယ် ကြဉ်သော မဟာကုသိုလ် စိတ်ရှစ်ခု၊ ကေန်ရသော မဟဂ္ဂုတ် ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေ အဌတိ ံသ အစိတ်အစိတ် နာမက္ခန္ဓာ ထိုနာမက္ခန္ဓာ ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။

အဓိပတိ ပစ္စယာ, ဟူသော ဟိုတ် ပုဒ်၏ အရကား အလေးအမြတ်ပြုတတ်သော မဟာကုသိုလ်ဉာဏ ဝိပ္ပယုတ်လေးခုအား တပ်သော အလေးအမြတ် ပြုအပ်သော လောကီ ကုသိုလ် သတ္တရသ အလေးအမြတ် ပြုတတ်သော မဟာ ကုသိုလ် ဉာဏ သမ္ပယုတ်လေးခု အားတပ်သော၊ အလေးအမြတ် ပြုအပ်သော အရဟတ္တ မဂ် ကြဉ်သော ကုသိုလ်ဝိသ၊ အောက်ဖိုလ်သုံးခု နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ၊ မဂ်လေးခု အားတပ်သော နိဗ္ဗာန်ဟု ဆိုအပ်သော ဓမ္မာရုံ ပစ္စည်းတရားတို့၏ အာရမ္မဏာ ဓိပတိ သတ္တိ။

သမ္မယုတ္တကွန္ဓာ သာဓိပတိ စိတ္တဇရုပ်အားတပ်သော အဓိပတိ ပစ္စည်းကို ရသောအခါ၊ မဟာကုသိုလ် ရှစ်ခု၊ ကေန်ရသောမဟာဂျုတ် ကုသိုလ်ကိုးခု၊ မဂ်လေးခု၊ စေ အင္ဂတိ ˚သ၊ စိတ္တကွဏ တခုတခုဌိတိရှိသော အဓိပတိ တရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါး ပစ္စည်းတရားတို့၏ သဟဇာတာ ဓိပတိ သတ္တိရှိ၏။ထိုနှစ်ပါးတို့တွင် အရကား ပဋ္ဌာနအားဖြင့် ကတ္တားသာတည်း။

၄။ အဗျာကတံ ဓမ္မံ ပဋ္ဌိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိ ဝိပ္ပယုတ္တ ပစ္စယာ ဝိဓိ၏ ပဝတ္တိအခါ အနုဝါဒမှာ။

ဝိပါကာ ဗျာကတံ ကြိယာ ဗျာကတံ ဧကံ ခန္ဓံ ပဋ္ဌိစ္စ တယော ခန္ဓာ စိတ္တ သမုဋ္ဌာနဉ္စ ရူပံ၊ တယော ခန္ဓေ ပဋ္ဌိစ္စ ဧကော ခန္ဓော စိတ္တသမုဋ္ဌာနဉ္စ ရူပံ၊ ဒွေခန္ဓေ ပဋ္ဌိစ္စ ဒွေခန္ဓာ စိတ္တ သမုဋ္ဌာနဉ္စ ရူပံ၊

ခန္ဓာ ဝတ္ထုံ ဝိပ္ပယုတ္တ ပစ္စယာ၊ စိတ္တ သမုဋ္ဌာနံ ရူပံ ခန္ဓေ ဝိပ္ပယုတ္တ ပစ္စယာ,

(ဝိပါကာ ဗျာကတံ စသည် အနက် ပေးလွယ်ပါသည်။ ဝတ္ထုံ - ဆဝတ္ထုကို၊ ပဋ္ဌိစ္စ ပဋ္ဌိဂန္ဓာ - တကွ ဖြစ်ခြင်း)ဟု ဆိုအပ်သော တူသော အဖြစ်သို့ရောက်၍၊ ဝိပ္ပယုတ္တ ပစ္စယာ ဝတ္ထုနှာ ဝိပ္ပယုတ္တ ပစ္စယတံ သာဓေန္တေန--ဆဝတ္ထုဖြင့် ဝိပ္ပယုတ္တ သတ္တိကို ပြီးစေတတ်သည်၏ အဖြစ်

ကြောင့်၊ ခန္ဓာ- ပဠုဝေါကာရ ဝိပါက် ကြိယာ နာမကွန္ဓာ တို့သည်၊ ဥပဇ္ဇန်- ဖြစ်ကုန်၏။

ခန္ဓေ - ပဠုဝေါကာရ ဝိပါက်ကြိယာ နာမကွန္ဓာတို့ကို၊ ပဋိစ္စ-၍၊ဝိပ္ပယုတ္တပစ္စယာ ဝိပ္ပယုတ္တ ပစ္စယာတံ သာဓေနေ္တာ်- ဝိပ္ပယုတ္တ ပစ္စယသတ္တိကို ပြီးစေတတ်ကုန်သော၊ ခန္ဓေဟိ- ပဠုဝေါကာရ ဝိပါက်ကြိယာ နာမကွန္ဓာ တို့ကြောင့်၊ စိတ္တ သမုဋ္ဌာနံ- သော၊ ရူပံ- သည်၊ ဥပဇ္ဇတိ- ၏။

၅။ ပဋိစ္စဝါရ၌ နဝ, သချ၊်ဝထ္ဌက်ရသော ပစ္စည်းမျှားမှာ ၁ - ဟေတု၊ ၂ - အဓိပတိ၊ ၃ - သဟဇာတ၊ ၄ - နိဿယ၊ ၅ - ကမ္မ၊ ၆ - အာဟာရ၊ ၇ ·ဣန္ဒြိယ၊ ၈ - စျာန၊ ၉ - မဂ္ဂ၊ ၁၀ - ဝိပ္ပယုတ္တ၊ ၁၁ - အတ္ထိ၊ ၁၂ - အဝိဂတ၊ ပေါင်း(၁၂) ပစ္စည်း ဖြစ်ပါသည်။

ဒွါဒသသုတိ ပစ္စယေသု၊ နဝနဝါတိ ဝုတ္တံ၊ သဗ္ဗေသုပိ ပုဗ္ဗာ၊ ဝိဿဇ္ဇနာနိ ဟေတု ပစ္စယ•သဒိသာနေဝ,

ပဌာန်း အဋ္ဌကထာ ဆဋ္ဌမ

တိဏိ သချ၊်ဝထ္ဌက်သော ပစ္စည်းမျှားမှာ

၁ - အာဝရမ္မဏ၊ ၂ - အနန္တရ၊ ၃ - သမနန္တရ၊ ၄ - အညမညဝ ၅ - ဥပနိဿယ၊ ၆ - ပုရေဇာတ၊ ၇ - အာသေဝန၊ ၈ - သမ္ပယုတ္တ၊ ၉ - နတ္ထိ၊ ၁၀ - ဝိဂတ ပေါင်း (၁၀)ပစ္စည်း။ ဒသသု ပစ္စယေသု တိဏိ တိဏိတိ ဝုတ္တံ၊ ၎င်း၊

ကေ၊ သချ၏ ထုတ်သော ပစ္စည်းမှာ ဝိပါက တပစ္စည်းသာ ဖြစ်ပါသည်။

ဆောင်ပုဒ်

★ (၁) ပဋ္ဌိစ္စလာ နောသချ၏၊ ထုတ်ပါဒ္ဓါဒသံ။
ဟေ - ဓိ - သ - နိ၊ ကံ - အာ - ဇ္ဈ၊ မှတ်ဘိစျာ မဂ္ဂံ။
ဝိပ် - အတ် - အဝိ၊ ပေါင်းတုံ ဘိ၊ ရ၏ ဒ္ဓါဒသံ။

★ (၂) ပဋ္ဌိစ္စလာ - တိဏိမှာ - ထုတ်ပါ ပေါင်းဒသံ၊
အာ - နန် - သမန်၊ အညမ် - ဥ - ပု၊ တခုအာသော၊
နှစ်ထွေ - သမ် - နတ် ၊ ဝိဂတတ်၊ ပေါင်းလတ်
ဒသမှန်။

★ (၃) ပဋ္ဌိစ္စလာ တစ်သချ၏၊ ထုတ်ပါ ဝိပါကံ။

သဟဇာတ ဝါရသည် ပဋ္ဌိစ္စဝါရနှင့် အရကောက် ပါဠိတော် စသည် တူသော်လည်း ဒေသနာ ဝိလာသ ပုဂ္ဂလစ္ဆာသယ အားဖြင့် ထပ်၍ ဟောတော်မူပါသည်။

၆။ သံသဋ္ဌဝါရ အနုလုံဋ္ဌ (က)နဟေတု ပစ္စယ အရမ္မဏ ဓမ္မမှာ မောဟမူ ဒွေဋ္ဌ မောဟ - အဟိတ် ပဝတ္တိ ပဋ္ဌိသန္ဓေ နာမကွန္ဓာ လေးပါး တရားများ ဖြစ်ပါသည်။

(ခ) ဟေတုပစ္စယ နာရမ္မဏ ဓမ္မ တရားကိုယ် မရှိပါ။

(ဂ) နဟေတု ပစ္စယ ဓမ္မ,မ္မာ မောဟမူ ဒ္ဒေ၌ မောဟ အဟိတ် ပဝတ္တိ ပဋိသန္ဓေ နာမကၠန္ဓာ လေးပါး အဟိတ် စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ ကမ္မဇ (၇) ပဝတ္တိကမ္မဇရုပ် မျိုး ဖြစ်ပါသည်။

၇။ ပဥ္စာဝါရ၌ ဟေတု ဟေတု သမ္ပယုတ္တကာနံ ဓမ္မာနံဟု ဓမ္မသဒ္ဒါနှင့် မဟောဘဲ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ, ခန္ဓသဒ္ဒါနှင့် ဟောတော်မူခြင်းသည် ပဋိစ္စစသော ဝါရတို့၌ ခန္ဓာ၏ အစုမ်းဖြင့် ပစ္စယုပ္ပန္န ဒေသနာကို တင်တော်မူ၏။ ထိုသို့ တင်တော်မူသော အစဉ်အားဖြင့် ပဥ္စာဝါရ၌လည်း ခန္ဓသဒ္ဒါနှင့် ဟောတော်မူပါသည်။

မရောယှက်သော အားဖြင့် ခွဲဝေခြင်းကို ပြအံ့သောငှါ ပဋိစ္စစသော ဝါရ၌ ခန္ဓသဒ္ဒါနှင့် ဟောတော်မူပါသည်။

၈။ သီလံ သမာဓိယိတ္တာ တံ ဂရုံ, ကတ္တာ ပစ္စဝေက္ခတိ၌ တံ ဂရုံ ကတ္တာ ပစ္စဝေက္ခတိ အရ မဟာဂ္ဂုတ် ကုသိုလ်ကို မယူရပါ။ မဟာဂ္ဂုတ် ကုသိုလ်သည် မိမိသည် မြတ်သော တရားဖြစ်သောကြောင့် တခုသော တရားကိုမျှ အလေးမပြု၊ ထိုကြောင့် မယူရပါ။

အတ္တနော မဟာဂ္ဂတ တာယ ဂရုံ နကရောတိ (အဌသာလိနီ) ဥပမာ, အထွဋ်အမြတ် မင်းအဖြစ်သို့ ရောက်သော သူသည် တစုံတယောက်သောသူကိုမျှ အလေးမပြုသကဲ့သို့ ဖြစ်ပါသည်။

၉။ မဟာကြီယာ ဥာဏ ဝိပွယုတ် လေးခုသည် ဥာဏ်ကင်းသောကြောင့် လောကုတ္တရာ တရားကို အာရုံမပြုနိုင်သည် ဖြစ်၍ အာရမ္မဏာ ဓိပတိ ပစ္စယုပွန် မဖြစ်ပါ။

ပြစ်မှားတတ်သော အမျက်ထွက်သောသူသည် တစုံတခုသော တရားကိုမျှ အလေးမပြုသောကြောင့် ဒေါသမူဒ္ဒေသည် အာရမ္မဏာ ဓိပတိ ပစ္စယုပွန် မဖြစ်ပါ။

နဟိဒုဋ္ဌော ကိဉ္စိ ဂရုံ ကရောတိ ပဋ္ဌာန်း အဋ္ဌကထာ။

မိုက်မဲ တွေဝေသောသူသည် တစုံတခုသော တရားကိုမျှ အလေးမပြုသောကြောင့် မောဟမူဒ္ဒေသည် အာရမ္မဏာ ဓိပတိ ပစ္စယုပွန် မဖြစ်ပါ။

ကမ္မ ပစ္စည်းဌ် စေတနာ ဝတ္ထုသဟဟု သီးသန့်ဟောတော်မူခြင်းသည် ပဋိသန္ဓေအခါ ဟဒယဝတ္ထုသည် နာမ်တရားတို့အား သဟဇာတ စသော ပစ္စည်းတပ်၏။ ထိုသို့ပင် တပ်သော်လည်း စေတနာသည်လည်း ဟဒယ ဝတ္ထုအား ပစ္စည်းတပ်သော အဖြစ်ကို သိစေခြင်းငှါ သီးသန့် ဟောပါသည်။

၁၀။ ပဥ္စဝေါရ ပစ္စယုဒ္ဓါရဌ် ကုသလပဒ အဗျာကတ ပဒါဝ သာနကို အာရမ္မဏပစ္စည်း သဟဇာတပစ္စည်း ဥပနိဿယ ပစ္စည်း ပစ္ဆာဇာတ ပစ္စည်း ကမ္မပစ္စည်းတို့ဌ် ဟောပါသည်။

အာရမ္မဏဖြင့် အာရမ္မဏ မတ္တ၊ အာရမ္မဏာ ဓိပတိ၊ အာရမ္မဏူပ နိဿယ ပစ္စည်းသရုပ်ကို ပြတော်မူပါသည်။

ပဋ္ဌာန ပကိဏ္ဏက ကထာ

ပဋ္ဌာန်း ဟေတု အစရှိသော အထူးထူး အပြားပြားသော အကြောင်းတရားတို့၏ တည်ရာဖြစ်သောကြောင့် ပဋ္ဌာန်းဟု ခေါ်ပါသည်။

ကေန ဌေန ပဋ္ဌာနန္တိ နာနာပဗွကာရ ပစ္စယ ဌေန၊ ပကာရော ဟိ နာနာပဗွကာရတ္ထော ဒီပေတိ၊ ဌာနသဒ္ဒေါ ပစ္စယတ္ထော။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ - ၃၄၃)

တနည်း ကုသုလ အစရှိကုန်သော တရားတို့အား ဟေတု အစရှိကုန်သော ပစ္စည်းတို့၏ အစွမ်းဖြင့် ဝေဘန်ရာဟူသော အနက်ကြောင့် ၂၄-ပါးသောပဋ္ဌာန်းကျမ်းတို့တွင် တပါးပါးသော ကျမ်းသည် ပဋ္ဌာန်းမည်ပါ၏။ (ဎင်းအဋ္ဌကထာ)

တနည်း, မြတ်သော သဗ္ဗညုတ ဉာဏ်တော်၏ ဖြစ်ရာ ဖြစ်သောကြောင့် ပဋ္ဌာန်းဟု ခေါ်ပါသည်(ဎင်းအဋ္ဌကထာ)။

ပဋ္ဌာန်း(၆) ကျမ်း အဓိပ္ပါယ်

(၁) **တိကပဋ္ဌာန်း** တိက်(၂၂)တိက်တို့ကို အမှီပြု၍ ဟောအပ်သော ပဋ္ဌာန်းသည် တိက ပဋ္ဌာန်း မည်ပါသည်။ (ပဋ္ဌာန်း အဋ္ဌကထာ ၃၄၁)

ဥဒါဟရဏ်, သိယာကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ, စသည်တည်း။

(၂) ဒုကပဋ္ဌာန်း တရားသော ဒုက်တို့ကို အမှီပြု၍ ဟောအပ်သော ပဋ္ဌာန်းသည် ဒုက ပဋ္ဌာန်း မည်ပါသည် (၎င်း)

ဥဒါဟရဏ်, သိယာ ဟေတုံ ဓမ္မံ ပဋ္ဌိစ္စ၊ ဟေတု ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတု ပစ္စယာ, စသည်တည်း။

(၃) ဒုကတိက ပဋ္ဌာန်း, တိက် (၂၂) တိက်တို့ကို တရားသော ဒုက်တို့၌ ထည့်သွင်း၍ ဟောအပ်သော ပဋ္ဌာန်းသည် ဒုကတိက ပဋ္ဌာန်းမည်ပါသည်။ (၎၉၂)။

ဥဒါဟရဏ်, သိယာ ဟေတုံ ကုသလံ ဓမ္မံ ပဋ္ဌိစ္စ၊ ဟေတု ကုသလော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတု ပစ္စယာ, စသည်တည်း။

(၄) တိကဒုက ပဋ္ဌာန်း, တရားသော ဒုက်တို့ကို (၂၂) ပါးသော တိက်တို့၌ ထည့်သွင်း၍ ဟောအပ်သော ပဋ္ဌာန်းသည် တိက ဒုက ပဋ္ဌာန်း မည်ပါသည်။ (၎င်း - ၎၉၃)

ဥဒါဟရဏ်, သိယာ ကုသလံ ဟေတုံ ဓမ္မံ ပဋ္ဌိစ္စ၊ ကုသလော ဟေတု ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ စသည်တည်း။

(၅) **တိကတိကပဋ္ဌာန်း,** (၂၂)ပါးသော တိက်တို့ကို (၂၂)ပါးသော တိက်တို့၌ ထည့်သွင်း၍ ဟောအပ်သော ပဋ္ဌာန်းသည် တိကတိက ပဋ္ဌာန်းမည်ပါသည်။
(၎င်း ၅၉၃)

ဥဒါဟရဏ်, သိယာ ကုသလံ သုခါယ ဝေဒနာယ သမ္ပယုတ္တံ ဓမ္မံ ပဋ္ဌိစ္စ၊ ကုသလော သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ, စသည်တည်း။

(၆) **ဒုကဒုကပဋ္ဌာန်း,** တရားသော ဒုက်တို့ကို တရားသော ဒုက်တို့၌ ထည့်သွင်း၍ ဟောအပ်သော ပဋ္ဌာန်းသည် ဒုကဒုကပဋ္ဌာန်း မည်ပါသည်။
(၎င်း - ၅၉၅)

ဥဒါဟရဏ်, သိယာ ဟေတုံ သဟေတုကံ ဓမ္မံပဋ္ဌိစ္စ၊ ဟေတု သဟေတုကော ဓမ္မော ဥပ္ပဇ္ဇေယ္ယ ဟေတုပစ္စယာ စသည်တည်း။

.....o.....

မဟာဝါရ (၇)ပါး အဓိပ္ပါယ်

(၁) **ပဋ္ဌိစ္စဝါရ,** ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ စသည်ဖြင့် ပဋ္ဌိစ္စသဒ္ဒါ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် ပဋ္ဌိစ္စဝါရမည်ပါသည်။
(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၉၅)

(၂) **သဟဇာတဝါရ,** ကုသလ် ဓမ္မံ သဟဇာတော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ စသည်ဖြင့် သဟဇာတ, သဒ္ဒါ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် ပဋ္ဌိစ္စဝါရ မည်ပါသည်။ (၎င်း)

(၃) **ပစ္စယဝါရ,** ကုသလ် ဓမ္မံ ပစ္စယာ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ . စသည်ဖြင့် ပစ္စယ, သဒ္ဒါ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် ပစ္စယဝါရ မည်ပါသည်။ (၎င်း)

(၄) **နိဿယဝါရ,** ကုသလ် ဓမ္မံ နိဿာယ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ စသည်ဖြင့် နိဿယ, သဒ္ဒါ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် နိဿယဝါရ မည်ပါသည်။ (၎င်း)

(၅) **သံသဋ္ဌဝါရ,** ကုသလ် ဓမ္မံ သံသဋ္ဌော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ စသည်ဖြင့် သံသဋ္ဌ သဒ္ဒါရ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် သံသဋ္ဌဝါရ မည်ပါသည်။ (၎င်း)

(၆) **သမ္ပယုတ္တရဝါ,** ကုသလ် ဓမ္မံ သမ္ပယုတ္တော ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ စသည်ဖြင့် သမ္ပယုတ္တ သဒ္ဒါ၏ အစွမ်းဖြင့် ဟောအပ်သော ဝါရသည် သမ္ပယုတ္တဝါရ မည်ပါသည်။

(၇) ပဥ္ဒာဝါရ, ကုသလော ဓမ္မော ကုသလသဿ ဓမ္မဿ ဟေတု ပစ္စေယေန ပစ္စယော စသည်ဖြင့် ပဥ္ဒာကို ထုတ်၍ ကုသလာ ဟေတူ သမ္မယုတ္တကာနံ ခန္ဓာ စသည်ဖြင့် ရောယှက်ခြင်း မရှိရအောင် ဝေဘန်သုံးသပ် ဟောကြားအပ်သော ဝါရသည် ပဥ္ဒာဝါရ မည်ပါသည်။

(ပဌာန်း အဋ္ဌကထာ ဆဋ္ဌမ)

မှတ်ချက် ပဋ္ဌိစ္စ စသော ရှေ့ (၆)ဝါရကို ဆဝါရဟု ခေါ်ပါသည်။

ဆဝါရနှင့် ပဥ္ဒာဝါရအထူး

ဆဝါရ၌ ပစ္စယုပ္ပန်တရားကို ပဌာန ထားဟော့ပါသည်။
ပဥ္ဒာဝါရ၌ ပစ္စည်းတရားကို ပဌာန ထားဟောပါ!သည်။

.....o.....

ဓမ္မအနုလုံ စသည်တို့၏ အဓိပ္ပါယ်

(၁) ဓမ္မအနုလုံ ပဒ ပဒါဝသာန နှစ်ပါးတို့ကို နှ, မဖြစ်မူ၍ လျော်စွာ ဟောအပ်သော ဝါရသည် ဓမ္မအနုလုံ မည်ပါ!သည်။

ပြယုဂ် ကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ စသည်တည်း။

(၂) **ဓမ္မ ပစ္စနိုက်,** ပုဒ ပဒါဝသာန, နှစ်ပါးတို့ကို နှ,မြစ်၍ ဟောအပ်သော ဝါရသည် ဓမ္မ ပစ္စနိုက် မည်ပါသည်။

ပြယုဂ် နကုသလံ ဓမ္မံ ပဋ္ဌိစ္စ နကုသလော ဓမ္မောဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ စသည်တည်း။

(၃) **ဓမ္မအနုလောမ ပစ္စနိုက်** ပဒကို နှ,မမြစ်မူ၍ ပဒါဝသာနကို နမြစ်၍ ဟောအပ်သော ဝါရသည် ဓမ္မအနုလောမ ပစ္စနိုက် မည်ပါသည်။

ပြယုဂ် ကုသလံ ဓမ္မံ ပဋ္ဌိစ္စ နကုသလောဓမ္မော ဥပ္ပဇ္ဇတိ ဟေတုပစ္စယာ စသည်တည်း။

(၄) **ဓမ္မ ပစ္စနိယာ နုလောမ** ပဒကိုသာ နှ,မြစ်၍ ပဒါဝသာနကို နှ,မမြစ်မူ၍ ဟောအပ်သော ဝါရသည် ဓမ္မပစ္စနိယာ နုလောမမည်ပါသည်။

ပြယုဂ် နကုသလံ ဓမ္မံ ပဋ္ဌိစ္စ ကုသလော ဓမ္မော ဥပ္ပဇ္ဇတိ ဟေတု ပစ္စယာ စသည်တည်း။

မှတ်ချက် ကုသလ ဓမ္မသည် ပဒါ ကုသလော ဓမ္မော သည် ပဒါဝသာန, မည်ပါသည်။

စတုဝိသတိ သမန္တ ပဋ္ဌာနဿနိ ဟူသော ပဋ္ဌာန်း အဋ္ဌကထာ ၂၄ - ကျမ်းဟူသည်။

၁။ ဓမ္မအနုလုံ၌ **တိကပဋ္ဌာန်း** စသည်(၆)ကျမ်း။

၂။ ဓမ္မ ပစ္စနိုက်ဒ္ဒ တိကပဋ္ဌာန်း စသည်(၆)ကျမ်း။

၃။ ဓမ္မ အနုလောမ ပစ္စနိုက်ဒ္ဒ တိက ပဋ္ဌာန်း စသည် (၆)ကျမ်း။

၄။ ဓမ္မ ပစ္စနိယာ နုလောမဒ္ဒ တိကပဋ္ဌာန်း စသည် (၆) ကျမ်းအားဖြင့် ပဋ္ဌာန်း (၂၄) ကျမ်း ဖြစ်ပါသည်။

မှတ်ချက် ဟေတု စသော (၂၄) ပစ္စည်းကို ပဋ္ဌာန်း (၂၄) ကျမ်း မခေါ်ပါ။

ပစ္စည်း အနုလုံ စသည်တို့၏ အဓိပ္ပါယ်

(၁) ပစ္စည်း အနုလုံ၊(၂) ပစ္စည်း ပစ္စနိုက်၊(၃) ပစ္စည်း အနုလောမ ပစ္စနိုက်၊(၄) ပစ္စည်း ပစ္စနိယာ နုလောမတို့၏ အဓိပ္ပါယ်သည် ၁၃၁၂-ခု၊ ဒုတိယပိုင်း နံပါတ် - ၅၊ အဖြေအတိုင်း ဖြစ်ပါသည်။

ဆဝါရအနုလုံ ပစ္စနိုက်တို့ဒ္ဒ သချ၍ဝထုတ် ကိန်းသေနည်း

.....o.....

၁။ သဟိတ်နာမ် သဟိတ်ရူပ် ဖြစ်လျှင် နဝ, သတ္တရသ တီဏိ ထုတ်ပါ။

၂။ သဟိတ်နာမ် သက်သက်ဖြစ်လျှင် တီဏိ၊ သတ္တ တီဏိ, ထုတ်ပါ။

၃။ အရူပနာမ် သက်သက်ဖြစ်လျှင် တီဏိ၊ တီဏိ, တီဏိ ထုတ်ပါ။

၄။ အရူပနာမ် နှင့် စိတ္တဇရုပ် ရောနေလျှင် သတ္တ၊ သတ္တ၊ တီဏိ, ထုတ်ပါ။

၅။ မောဟနှင့် အဟိတ်နာမ် ဖြစ်လျှင် ဒွေ၊ စတ္တာရိ၊ ဒွေ, ထုတ်ပါ!။

၆။ မောဟသာ ဖြစ်လျှင် ကေ၊ တီဏိ၊ ကေ, ထုတ်ပါ။

၇။ သဟိတ်ရုပ် (သို့မဟုတ်) သာဓိပတိ ရုပ်သက် သက်ဖြစ်လျှင် ပဏ္ဍ၊ ပဏ္ဍ, ထုတ်ပါ။

(သံသဋ္ဌဝါရနှင့် သမ္ပယုတ္တဝါရ၌ မရှိပါ)

၈။ ဝိပါက် (သို့မဟုတ်) အဟိတ်နာမ်ရုပ် ပဋ္ဌိသန္ဓေ စိတ်၊

မဟာဘူတ် ဥဒါရုပ်ရလျှင် ကေ၊ ကေ၊ ကေ ထုတ်ပါ။

၉။ အရှုပဘုံ၌ မေဟာဖြစ်လျှင် ကေ၊ ကေ ကေ ထုတ်ပါ။

မှတ်ချက် ၁။ ပဋ္ဌိစ္စဝါရ သဟဇာတဝါရ၊ ၂။ ပစ္စယဝါရ နိဿယ၊ ၃။ သံသဋ္ဌဝါရ သမ္ပယုတ္တဝါရ (၃) မျိုးတို့ဂို နဝ, သတ္တရသ, ကိဏ္ဏ စသော သင်္ခ်ာတို့ဖြင့် အစဉ်အတိုင်း ယူပါ။

ဆဝါရ အနုလုံ၌ သင်္ခ်ာ မထုတ်ရသော ပစ္စည်းမှာ ပစ္ဆာဇာတ တပုစ္စည်းသာ ဖြစ်ပါသည် (မဟောပါ)။

ပစ္စည်းသုံးမျိုး

၁။ ဆဝါရ၌ အနုလုံ၌သာ ဟော၍ ပစ္စနိုက်၌ မဟောသော ပစ္စည်းမှာ မဟာစတုက္ကပစ္စည်းခေါ် သဟဇာတ နိဿယ အတ္ထိ အဝိဂတ, ပစ္စည်းများ ဖြစ်ပါသည်။

၂။ အနုလုံ၌ မဟော၊ ပစ္စနိုက်၌သာ ဟောသော ပစ္စည်းမှာ ပစ္ဆာဇာတ တပစ္စည်းသာ ဖြစ်ပါသည်။

၃။ အနုလုံ ပစ္စနိုက် ၂-ပါးလုံး၌ ဟောသော ပစ္စည်းမှာ ကျန် (၁၉)ပစ္စည်း ဖြစ်ပါသည်။

ဇာတ, သဒ္ဒါသုံးမျိုး အထူး

၁။ သဟဇာတဋ္ဌ ဇာတ သဒ္ဒါသည် ဥပါဒ် - ဌီ - ဘင် အခိုက်ဋ္ဌ ရှိသော ရူပ်နာမ် ၂ - ပါးကို ဟောပါသည်။

၂။ ပုရေဇာတဋ္ဌ ဇာတ သဒ္ဒါသည် ဌီအခိုက်ဋ္ဌ ရှိသော ရူပ်ကိုသာ ဟောပါသည်။

၃။ ပုစ္ဆာဇာတဋ္ဌ ဇာတ သဒ္ဒါသည် ဥပါဒ် ဌီအခိုက်ဋ္ဌ ရှိသော စိတ် စေတသိက် နာမ်တရားများကိုသာ ဟောပါသည်။

ဝိရတိ သုံးမျိုး

၁။ သမ္မတ္တ ဝိရတိ, တစုံ တယောက်သောသူ၏ အထံဋ္ဌ မဆောက်တည်မူ၍ မိမိလက်ဋ္ဌ ရောက်လာသော ဝိတိက္ကမ ဝတ္ထုကို မိမိအလိုလို ပါဏာတိပါတ အစရှိသည်မှ ကြဉ် ရှောင်ခြင်း။

၂။ သမာဒါန ဝိရတိ, တစုံ တယောက်သော သူ၏ အထံဋ္ဌ ဆောက်တည်၍ ကြဉ်ရှောင်ခြင်း။

၃။ သမုစ္ဆေဒ ဝိရတိ, မဂ်ဖြင့် ကိလေသာကို ဖြတ်ခြင်း၊

အာရမ္မဏ ပုစ္ဆည်း သီလံ သမာဒိ ယိတ္ဌာဋ္ဌ သီလံ သမာဒိ ယိတ္ဌာတိ ပုဗ္ဗဂ် ဒသဂ် သီလာဒိ ဝသေန နိစ္စ

သီလံ ဂဏ္ဌိထ္ဌာ ဣမိနာ သမာဒါန ဝိရတိ ယေဝ ဒဿိတာ, ဟု ပဋ္ဌာန်း အဋ္ဌကထာ၌ ဆိုသောကြောင့် သမာဒါန ဝိရတိကိုသာ ယူရပါသည်။

သမ္မတ္တ ဝရတ သမုစ္ဆေဒ ဝရတတ္ထသည် လောကဋ္ဌ သီလဟု မထင်ရှားသောကြောင့် မယူရပါ။ သို့သော် အာရမ္မဏ ပစ္စည်း တပ်ပါသည်။

ပစ္စယ ပကိဏ္ဏက ကထာ

ဟေတုပစ္စည်းနှင့် သဟဇာတာ ဓိပတိ ပစ္စည်းအထူး

(က) ဟေတု ပစ္စည်း၌ ဟိတ် ၂ - ပါး သုံးပါးတို့သည် တပြိုင်နက် ဟေတုသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။

(ခ) သဟဇာတာ ဓိပတိ ပစ္စည်း၌ အ္ဓမိပတိ တရားကိုယ် ၃ - ပါး ၄ - ပါးတို့တွင် တပါးပါးသာ သဟဇာတာ ဓိပတိ သတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်၊ (တပြိုင်နက် ကျေးဇူး မပြုနိုင်ပါ) အရဟောက် ဆရာတော်။

သဟဇာတာ ဓိပတိ ပစ္စည်းနှင့် ဣန္ဒြိယ ပစ္စည်းအထူး

(က) မိမိမှ တပါးသော အဓိပတိ ပစ္စည်းတရားကိုယ် တရား၏ အဓိပတိ ပစ္စည်းအဖြစ်ကို တားမြစ်၍ မိမိ တပါးသာလျှင် အကြီးအမှူး၏ အဖြစ်ဖြင့် အစိုးရခြင်း ပစ္စည်းသည် သဟဇာတာ ဓိပတိ ပစ္စည်း၊

(၁) မိမိမှ တပါးသော ဣန္ဒြေတရားတို့၏ ဣန္ဒြေ အဖြစ်ကို မတားမြစ်မူ၍၊ တပြိုင်နက်တည်းဖြစ်စေ၊ တပါးနှစ်ပါး စသည်ဖြစ်စေ၊ အစိုးရသော အဖြစ်သည် ဣန္ဒြိယ ပစ္စည်း မည်ပါသည်။ ဤကဲ့သို့ ထူးကြပါသည်။

အနန္တရ ပစ္စည်းနှင့် သမနန္တရ ပစ္စည်းအထူး

သဒ္ဒါမျှသာ ထူးပါးသည် အနက် အဓိပ္ပါယ် မထူးပါ၊ ဗျဥ္ဇနမတ္တတော ဝေတ္ထ နာနာကရဏံ ပုဗ္ဗေတဗ္ဗံ၊ နအတ္ထတော၊

ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ

တနည်း,

အဓိပတိ၏ အခြားမရှိသည်၏ အဖြစ်ဖြင့်, ကျေးဇူး ပြုတတ်သော ပစ္စည်းသည် အနန္တရပစ္စည်း။

ကာလ၏ အခြားမရှိသည်၏ အဖြစ်ဖြင့်, ကျေးဇူး ပြုတတ်သော ပစ္စည်းသည် သမနန္တရ ပစ္စည်း ဤသို့ ထူးကြပါသည်၊ (ကေစိဝါဒ)။

အဒ္ဓါနန္တရ တာယ အနန္တရ ပစ္စယော၊
ကာလာနန္တရ တာယ သမနန္တရ ပစ္စယောတိ အာစရိ
ယာနံ မတံ၊ (ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ (၃၄ဖ)

အနန္တရနှင့် သမနန္တရ တူပုံ,

တရားကိုယ် အရကောက် ပါဠိတော် စသည် တူပါသည်။

အညမည ပစ္စည်းနှင့် သဟဇာတ ပစ္စည်းအထူး

အချင်းချင်း အပြန်အလှန် ထောက်ပံ့ ခိုင်စေသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် အညမည ပစ္စည်း၊တက္ခ ဖြစ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ပစ္စည်းသည် သဟဇာတ ပစ္စည်း ဤသို့ ထူးကြပါသည်။

အညမည တာဝ သေနေ ဥပကာရကတာ၊ အညမည ပစ္စယော နသဟဇာတ မတ္တေနာတိ အယ မေ တေသံ ဒ္ဒိန္ နိသေသော၊ (ဋီကာကျော် ၂၀၉)

တနည်း, အညမည ပစ္စည်းဖြစ်တိုင်း သဟာဇာတ ပစ္စည်း ဖြစ်နိုင်ပါသည်၊ သဟဇာတ ပစ္စည်းဖြစ်တိုင်း အညမည ပစ္စည်း မဖြစ်နိုင်ပါ၊ ဤကဲ့သို့ ထူးကြပါသည်၊ (မူလဋီကာ)။

တနည်း, အညမည ပစ္စည်းသည် မည်သည့် အခါမှ သဟဇာတ ပစ္စည်းနှင့် ကင်းရှိ မဖြစ်ပါ၊

• သဟဇာတ ပစ္စည်းသည်သာ အညမည ပစ္စည်းနှင့် ကင်းရှိ ဖြစ်ပါသည်။ (မဏိ မဋ္ဌ)

သဟဇာတ ပစ္စည်းနှင့် သဟဇာတ နိဿယ ပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ, တရားကိုယ် အရကောက် ပါဠိတော် အဟော တူခြင်း ဖြစ်ပါသည်။

ထူးပုံမှာ, သဟဇာတ ပစ္စည်းသည် သဟဇာတ သတ္တိ တမျိုးတည်းဖြင့် ကျေးဇူးပြုပါလည်။

သဟဇာတ နိဿယ ပစ္စည်းသည် သဟဇာတ သတ္တိ နိဿယ သတ္တိ နှစ်မျိုး ဖြင့် ကျေးဇူးပြု ပါသည်။ (အရကောက်)

၀ ၄ ၄ ၀ ၄
နိဿယ ပစ္စည်းနှင့် ဥပနိဿယ ပစ္စည်းအထူး

(က) အကျိုးတရား ပေါ်ခြိန်မှ မကင်းရာ မကင်း ကြောင်း ဖြစ်သော မှီရာသတ္တိသည် နိဿယ ပစ္စည်း။

(ခ) အခြေခံ အရင်းအမြစ် မူလဖြစ်သော မှီရာသတ္တိ သည် ဥပနိဿယ ပစ္စည်း၊ ဤကဲ့သို့ ထူးကြပါသည်။

အာဝရမ္မဏာ ဓိပတိ ပစ္စည်းနှင့် အာဝရမ္မဏူပ နိဿယ ပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ, တရားကို အရကောက် ပါဠိတော် အရကောက် အဟော တူပါသည်။

ထူးပုံမှာ,

(က) အလေးအမြတ် ပြုအပ်သော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ပစ္စည်းသည် အာရမ္မဏာ ဓိပတိ ပစ္စည်း မည်ပါသည်။

(ခ) အားကြီးသော အကြောင်း၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ပစ္စည်းသည် အာရမ္မဏူပ နိဿယ ပစ္စည်း မည်ပါသည်။

ဂရုကာ တဗ္ဗ မတ္တာဌေန အာရမ္မဏာ ဓိပတိ၊
ဗလဝ ကာရဏ ဌေန အာရမ္မဏူပ နိဿယောတိ ဝေမေ တေသ နာ နာတ္ထ ဝေဒတဗ္ဗ။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၄၈)

အနန္တရ ပစ္စည်းနှင့် အနန္တ ရူပနိဿယ ပစ္စည်း ၂-ပါး ထူးပုံ,

မိမိ မိမိ၏ အခြားမဲ့၍ လျောက်ပတ်သော စိတ္တုပ္ပါဒ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ပစ္စည်းသည် အနန္တရ ပစ္စည်း။

ကျေးရှေးသော စိတ်၏ နောက်နောက်သော စိတ်ကို ဖြစ်စေရာ၌ အားကြီးသော အကြောင်း၏ အဖြစ်ဖြင့်

ကျေးဇူးပြုတတ်သော ပစ္စည်းသည် အနန္တ ရူပနိဿယ ပစ္စည်း မည်ပါသည်၊ ဤသို့ ထူးကြပါသည်။

အတ္တနော အတ္တနော အနန္တရံ အနုရူပဿ စိတ္တုပ္ပါဒဿ ပဝတ္တန သမတ္ထတာယ အနန္တရတာ။

ပုရိမ စိတ္တသမ ပစ္ဆိမ စိတ္တုပ္ပါဒနေ ဗလဝတာယ အနန္တရူပ နိဿတာ ဝေဒိတဗ္ဗာ။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၄၈)

တနည်းထူးပုံမှာ,

အနန္တရ ပစ္စည်းသည် အနန္တရသတ္တိဖြင့် ကျေးဇူးပြုပါသည်။

အနန္တရူပ နိဿယ သည် အနန္တရ သတ္တိ၊ ဥပနိဿယ သတ္တိ ၂-မျိုးဖြင့် ကျေးဇူး ပြုပါ!သည်၊ (အတ္တနောမတိ)

တူပုံမှာ, တရားကို အရကောက် ပါဠိတော် အဟော တူပါသည်။

ဝတ္ထု၊ ပုရေဇာတ ပစ္စည်းနှင့် ဝတ္ထု၊ ပုရေဇာတ နိဿယ ပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ, တရားကိုယ် အရကောက် ပါဠိတော် အဟော တူပါသည်။

ထူးပုံမှာ, ဝတ္ထုပုရေဇာတ ဗစ္စည်းသည် ဝတ္ထုပုရေဇာတ သတ္တိ တပါးဖြင့်သာ ကျေးဇူးပြုပါသည်။

ဝတ္ထု ပုရေဇာတ နိဿယသည် ဝတ္ထု ပုရေဇာတ သတ္တိ၊ နိဿယ သတ္တိ ၂-ပါးဖြင့် ကျေးဇူးပြုပါသည်၊ (အတ္တနောမတိ)

အနန္တရပစ္စည်း နှင့် နတ္ထိပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ ။ ။ ပစ္စည်း ပစ္စယုပ္ပန် တရားကိုယ်တူခြင်း ဖြစ်ပါသည်။

ထူးပုံမှာ ။ ။ စက္ခုဝိညာဏ ဓာတု တ သမ္ပယုတ္တ ကာစ ဓမ္မာ၊ မနောဓာတုယာ စသည်ဖြင့် ပစ္စည်း၊ ပစ္စယုပ္ပန် သရုပ်ထုတ်၍ ဟောခြင်းသည် အနန္တရပစ္စည်း။

သမနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ၊ ပဋ္ဌာပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာ, ပစ္စည်း ပစ္စယုပ္ပန် တရားတို့ကို နိရောဓ ဥပါဒ ၏ အစွမ်းဖြင့် သာမည ဟောခြင်းသည် နတ္ထိပစ္စည်း။

ပစ္စယ လက္ခဏ မေဝ ဟေတ္ထနာနံ။
ပစ္စယာနံ ပန ပစ္စယုပ္ပန္နာနဉ္စ နာနာကရဏံ နတ္ထိ။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၀၆)

နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ ။ ။ တရားကိုယ်အရကောက် တူပါသည်။

ထူးပုံမှာ ။ ။ သဒ္ဒါမျှသာ ထူးပါသည်။

နတ္ထိ ပစ္စယဿစ ဣမဿစ ဗျဉ္ဇနမတ္တော ယေဝ နာနာတ္တံ နအတ္ထေတိ။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ဝိဂတအဖွင့် ၃၀၆)

အတ္ထိပစ္စည်း နှင့် အဝိဂတပစ္စည်း တူပုံ ထူးပုံ

တူပုံမှာ ။ ။ တရားကိုယ် အရကောက် ပါဠိတော် တူပါသည်။

ထူးပုံမှာ ။ ။ သဒ္ဒါမျှသာ ထူးပါသည်။

ဣမဿပိ ဟိ ပစ္စယဿ အတ္ထိ ပစ္စယေန သဒ္ဒိ ဗျဉ္ဇနမတ္တော ယေဝ နာနာတ္တံ၊နအတ္ထေတိ။

(ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ အဝိဂတ အဖွင့် ၃၀၆)

ပဋ္ဌာန်း ၂၄ - ပစ္စည်းတို့ကို ကာလ စသည်ဖြင့် သရုပ်ခွဲပုံ

ပစ္စုပ္ပန္နာဝ ဟောန္တေတ္တာ၊ ပစ္စယာ ဒသ ပဋ္ဌစ၊
အတီတာ ဧဝ ပဋ္ဌေကော၊ တေ ကာလေ ဒ္ဝေ နိဿိ
တော။ ။

တယော တိကာလိကာ စေ၀၊ ဝိမုတ္တာစာပိ ကာလ တော။

ဟူသော (ပဋ္ဌာန်း အဋ္ဌကထာ ဆဋ္ဌမ ၃၅၃ - အရ)

(၁) ပစ္စုပ္ပန်ကာလဌာဖြစ်သော (၁၅)ပစ္စည်း။

ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္မယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတအားဖြင့် (၁၅) ပစ္စည်း ဖြစ်ပါသည်။

(၂) အတိတ်ကာလဌာဖြစ်သော (၅)ပစ္စည်း

အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ,အားဖြင့် (၅)ပစ္စည်း ဖြစ်ပါသည်။

(၃) ဒ္ဝိကာလ (ပစ္စုပ္ပန် အတိတ်) ကမ္မပစ္စည်း (၁) ပစ္စည်း ဖြစ်ပါသည်။

(၄) တေလိက ပစ္စည်း (၃)။

အာဝဇ္ဇဏ၊ အဓိပတိ၊ ဥပနိဿယ ဖြစ်ပါသည်။

(၅) ကာလဝိမုတ္တ (၃) ပစ္စည်း

နိဗ္ဗာန် ပညတ် ပစ္စည်းတပ်ခိုက် အာဝဇ္ဇဏ၊ အဓိပတိ၊ ဥပနိဿယ ဖြစ်ပါသည်။

ဆောင်ပုဒ်

အနန် ဒွယော၊ နတ် - ဝိသော၊ ငါးထွေ အတိတ်သာ။
ကမ္မ ပစ္စံ၊ ဒွိကာလံ၊ ပွန်နှင့် အတိတ်မှာ။
အာ - ဓိ၊ ဥပ၊ တိကာလ၊ ကာလဝိမုတ္တာ။
ကြွင်းကျန်ဆယ် ငါး၊ ပွန်ဌထား၊ မှတ်သား သောတုဇာ။

သန္ဓာန်အားဖြင့် ဝေဘန်ပုံ

ဗဟိဒ္ဓသန္ဓာန၌ သဟဇာတ၊ အညမညဲ့ နိဿယ၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်းသာ ရပါသည်။

အဇ္ဈတ္တသန္ဓာန်၌ (၂၄) ပစ္စည်းလုံး ရပါသည်။

ဆောင်ပုဒ်

သဟ - အည၊ နိ**ဿ**ယ ထည့်၊ အတ် - အဝိ
ရဘိ ဗဟိဒ္ဓါ။
အဇ္ဈတ္တမှာ၊ အားလုံးပါ၊ သေချာရသည်သာ။

ဘုံအားဖြင့် ဝေဘန်ပုံ

(က) ကေဝေါကာရ (အသညသတ်) ဘုံ၌ သဟ၊ အည၊ နိဿယ၊ ကမ္မ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း ရပါသည်။

(ခ) စတုဝေါကာရ (အရူပ) ဘုံ၌ ပုရေဇာတ၊ ပဠာဇာတ၊ ဝိပ္ပယုတ္တ သုံးပစ္စည်းကြား ကျန် (၁၉)ပစ္စည်းရပါသည်။

(ဂ) ပဉ္စဝေါကာရဘုံ၌ ၂၄ - ပစ္စည်းလုံး ရပါသည်။

ဆောင်ပုဒ်

သဟ - အည၊ နိဿယ၊ ကမ္မ - ဣန္ဒြိယာ။
အတ္ထိ - အဝိ၊ သတ္တာရှိ၊ ရဘိ အသညာ။
ပုရေ - ဝိပ္ပ၊ ပဠာဇ၊ မရ အရူပါ။
ပဉ္စဝေါမှာ၊ အားလုံးသာ၊ မှန်စွာ ရသည်သာ။

သဘာဂ ပစ္စည်းများ

(က) အနန္တရ၊ သမနန္တရ၊ အနန္တရူပ နိဿယ၊ အာဇေသဝန၊ နတ္ထိ၊ ဝိဂတ (၆) ပစ္စည်း။

(ခ) အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယ(၃) ပစ္စည်း။

ဆောင်ပုဒ်

ကမ္မကြား၌ထ၊နန်ခြောက်ဝ၊ မှတ်ကြ သဘာဂါ။
အာ - အာဓိတူ၊ အာရမ်ဏူ၊ မှတ်ယူ သဘာဂါ။

ဝိသဘာဂ ပစ္စည်းများ

(က) ပုရေဇာတ နှင့် ပစ္ဆာဇာတ။
(ခ) သမ္ပယုတ္တ နှင့် ဝိပ္ပယုတ္တ။
(ဂ) ဝိဂတ နှင့် အဝိဂတ။
(ဃ) အတ္ထိ နှင့် နတ္ထိ အ ချင်းချင်း ဆန့်ကျင်ကြ ပါသည်။ သဘောမတူပါ။

ဆောင်ပုဒ်

ပုရေ - ပစ္ဆာ၊ သမ် - ဝိပ္ပ၊ ဝိတ,အဝိဂါ။
အတ္ထိ - နတ္ထိ၊ အစုံကြည့်၊ မှတ်ဘိ ဝိသဘာ။

ယုဂဋ္ဌ ပစ္စည်းများ

အတ္ထ သရိက္ခ (အနက်တူ ပစ္စည်းတစုံ)။
အနန် သနန်၊ ဣန္ဒြစ်တန်၊ မှတ်ရန် အတ္ထ သရိက္ခာ။
သဒ္ဒသရိက္ခ (သဒ္ဒါတူ ပစ္စည်းတစုံ)။
နိဿုပ၊ နိဿယ၊ နှစ်ဝ သဒ္ဒသရိက္ခာ။
ကာလ ပဋ္ဌိပက္ခ (ကာလ ဆန့်ကျင်ဘက် တစုံ)။
ပုရေ - ပစ္ဆာ၊ ဣန္ဒြစ်ဝ၊ ကာလ ဋ္ဌိပက္ခာ။
အညမည ပဋ္ဌိပက္ခ ပစ္စည်း(သုံးစုံ)
(က) သမ္ပယုတ္တပစ္စည်း နှင့် ဝိပ္ပယုတ္တပစ္စည်း။
(ခ) အတ္ထိ ပစ္စည်း နှင့် နတ္ထိပစ္စည်း။။
(ဂ) ဝိဂတ ပစ္စည်း နှင့် အဝိဂတပစ္စည်း။

ဆောင်ပုဒ်

သမ်နှင့် ဝိပ္ပ၊ ဣန္ဒြစ်၀၊ အညဋ္ဌိပကွာ။
အတ္ထိ - နတ္ထိ၊ ထိုတူသိ၊ ဝိနှင့် အဝိမှာ။

ဟေတု ဖလပစ္စည်း။

ဆောင်ပုဒ်

ကမ် - ဝိပါက၊ ဣန္ဒြစ်၀၊ ဖလဟေတုသာ။
ဇနကာ - ဇနက ဥပထမ္ဘက ပစ္စည်းမျှား။

ဇနက ပစ္စည်း

အနန္တရ သမနန္တရ အနန္တရူပနဿယ ပကတူပနဿယ အာသေ၀နေ နာနာက္ခဏိက ကမ္မ နတ္ထိ ဝိဂတ ပစ္စည်းမျှား ဖြစ်ပါသည်။

အဇနက (ဥပထမ္ဘကပစ္စည်း)

ပစ္ဆာဇာတ တပစ္စည်း ဖြစ်ပါသည်။
ကြွင်းသော ၁၅ ပစ္စည်းတို့သည် ဇနက အဇနက (ဥပထမ္ဘက) ပစ္စည်းမျှား ဖြစ်ပါသည်။

ဆောင်ပုဒ်

(က) ကမ်နှုတ်နန်ဆ၊ နာဂကမ္မ၊ ပက နိဿယာ။
(ခ) ဇနကမည်၊ ဣရှစ်လီ၊ မိန့်ပြီးဌကထာ။

(ဂ) ပစ္စာဇာတ၊ ဧကမ္ပ၊ ဥပထမ္ဘကာ။
(ဃ) ကြွင်းလေသမ္ပ၊ ဆယ်ငါးဝ၊ ဇနကာ ဇနကာ။

သဗ္ဗညု နိကာ- သဗ္ဗညုနိက ပစ္စည်းမျှား

(က) သဟဇာတ နိဿယ အတ္ထိ အဝိဂတ ဟူသော သဟအကြီးလေး ပစ္စည်းသည် သဗ္ဗညုနိက ပစ္စည်း မည်ပါသည်။ (၃၉၃)။

(ခ) အာရမ္မဏ အာရမ္မဏာ ဓိပတိ **အနန္တရ** သမနန္တရ အနန္တရူပနိဿယ ပကတူပနိဿယ သမ္ပယုတ္တနတ္ထိ ဝိဂတ, ပစ္စည်းတို့သည် အသဗ္ဗညုနိက ပစ္စည်းမျှား ဖြစ်ကြပါသည်။

(ဂ) ကြွင်းကျန်သော ပစ္စည်းတို့သည် နသဗ္ဗညုနိက ပစ္စည်းမျှား ဖြစ်ကြပါသည်။ (၃၉၃)။

ဆောင်ပုဒ် သဟဇာတ၊ ကြိုးလေးဝ၊ သဗ္ဗညုနိကာ။
ပုရေ ပစ္ဆ၊ သမ္ပယုတ္တ၊ အနန်ဆ၊ ကမ္မကြည်နှုတ်ပါ။
ပကတူနိ၊ အာ - အာဓိ၊ ဌာနိ အသဗ္ဗာ။
ကြွင်းကျန်သမ္ပ၊ အဝ၀၊ နာမ နသဗ္ဗာ။

.....O.....

ဆဝေါနာမန္တု နာမသာ၊ ပဋ္ဌေါနာမ ရူပိနံ၊
ကေဝေါပုန ရူပသာ၊ ရူပံနာမသာ စေကေါ၊
ပညတ္တိ နာမရူပါနိ၊ နာမသာ ဒုဝိေါဒဒ္ဓယံ၊
ဒ္ဓယသာ နဝေါစေတိ၊ ဆဗ္ဗိေါ ပစ္စယာ ကတံ။ ။

ဟူသော သင်္ဂဟ အင်္ဂကထာအရ, သဘော တူပေါင်း လျှင် (၆) မျိုးသာ ရှိပါသည်။

(၁) နာမ်သည် နာမ်အား ကျေးဇူးပြုတတ်သော(၆) ပစ္စည်း အနန္တရ သမနန္တရ အာသေဝန သမ္ပယုတ္တ နတ္ထိ ဝိဂတ။

(၂) နာမ်သည် နာမ်ရုပ်အား ကျေးဇူး ပြုတတ်သော (၅) ပစ္စည်း ဟေတု ကမ္မ ဝိပါက စျာန မဂ္ဂ အား ဖြင့် (၅) ပစ္စည်း။

(၃) နာမ်သည်ရုပ်အား ကျေးဇူးပြုတတ်သော (၁) ပစ္စည်း ပစ္ဆာဇာတ တပစ္စည်းသာ ဖြစ်ပါယည်။

(၄) ရုပ်သည် နာမ်အား ကျေးဇူးပြုတတ်သော (၁) ပစ္စည်း ပုရေဇာတ တပစ္စည်းသာ ဖြစ်ပါသည်။

(၅) ပညတ် နာမ်ရုပ်သည် နာမ်အား ကျေးဇူး ပြုတတ်သော (၂) ပစ္စည်း, အာရမ္မဏနှင့် ဥပနိဿယ ဖြစ်ပါသည်။

(၆) နာ်မ်ရုပ်သည် နာမ်ရုပ်အား ကျေးဇူး ပြုတတ်သော (၉) ပစ္စည်း အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပွယုတ္တ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း မျှား ဖြစ်ပါသည်။

စုစုပေါင်း (၂၄) ပစ္စည်း ဖြစ်ပါသည်။

ရှစ်ပစ္စည်း ကိုးမျိုး

၁။ အာရမ္မဏ ပစ္စည်း အာရမ္မဏမျိုး၊
၂။ သဟဇာတ ပစ္စည်း သဟဇာတမျိုး၊
၃။ အနန္တရူပ ပကတူပ ဥပနိဿယ ပစ္စည်း } အနန္တရမျိုး ပကတူပမျိုး၊
၄။ ဝတ္ထု ပုရေဇာတ ပစ္စည်း ဝတ္ထုပုရေဇာတ မျိုး၊
၅။ ပစ္ဆာဇာတ ပစ္စည်း ပစ္ဆာဇာတမျိုး၊
၆။ ကမ္မ ပစ္စည်း နာနာက္ခဏိက ကမ္မမျိုး၊
၇။ အာဟာရပစ္စည်း ရူပ်အာဟာရမျိုး၊
၈။ ဣန္ဒြိယပစ္စည်း ရူပ ဇီဝိတိန္ဒြိယမျိုး၊

ပစ္စည်းရေအားဖြင့် (၈) ပစ္စည်း၊ မျိုးအားဖြင့် (၉)မျိုး ဖြစ်ပါသည်။

တနည်း သမောဓာန သဘောတူရာပေါင်းက....

အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ အားဖြင့် (၄) ပစ္စည်းသာ ရှိပါသည်။

ဤတွင် ပထမပြန် ပဋ္ဌာန်းပုစ္ဆာ အဖြေကျမ်း ပြီးပါပြီ။

"အာသီသ နိဂမ"

ဣမိနာ ပုညကမ္မေန၊ ဒုက္ခက္ခယံ လဘာမဟံ၊
ပဿန္တာစ ဣမံ မယှံ၊ ဇယံ လဗ္ဘန္တု သာဓဝေါ။

(ပထျာဝတ္တ ဂါထာ)

အဟံ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားကို တေဇနိယဟု နာမမှည့်ခေါ် တပည့်တော်သည်။ ဣမိနာ ပုညကမ္မေ နစ၊ ဤပထမပြန် ပဋ္ဌာန်း ပုစ္ဆာအဖြေကျမ်းကို ရေးသား ဖြန့်ချိရသော ကုသိုလ်ကံကြောင့်၎င်း။ အညေနစ၊ ဤကုသိုလ်မှ တပါးသော အစမထင် သံသရာတခွင်မှ စတင်ပြုစု ကောင်းမှု မူလ ဟူသမျှကြောင့်၎င်း။ ဒုက္ခက္ခယံ၊ ဒုက္ခဟူသမျှ၏ ကင်းရာ ငြိမ်းရာ ချုပ်ရာ ကုန်ရာ ဖြစ်သော မဟာ အသင်္ခတ နိဗ္ဗာန်မြတ်ကို။ လဘာမိ၊ ဆောလျင်မကြာ ရ,ရပါလို၏။ မယှံ၊ တပည့်တော်၏။ ဣမံ၊ ဤပထမပြန် ပဋ္ဌာန်း ပုစ္ဆာ အဖြေကျမ်းကို။ ပဿန္တာ၊ လေ့လာကြည့်ရှု မှတ်သားခြင်း ပြုကြကုန်သော။ သာဓဝေါ၊ သူတော်ကောင်း ဖြစ်ကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့သည်။ ဇယံ၊ အောင်ရာ မျှော်မှန်း အောင်ဆုပန်းကို။ လဗ္ဘန္တု၊ ကိုယ်စီ ကိုယ်ငှ တလုံးတဝတည်း ရကြပါစေကုန်သတည်း။

ဆက်လက် ထွက်ဖည့်

ငယ်–လတ်–ကြီး, ဘာသာစုံ

ရွှေတောင်

ပုန္နား အပြေပေါင်းရုပ်ကျင်း

ရှေ့ပြီ